၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group  Issue No.800, FEBRUARY 6, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ဗိုလ်ချုပ်သန်းရွှေတပည့်ရင်း ဝန်ကြီးချုပ် ဦးသိန်းစိန် နိုင်ငံတော်သမ္မတ ဖြစ်လာ

**DVB ၊ ဖေဖော်ဝါရီ ၄ ။** ။ နအဖစစ်အစိုးရက ၂၂ နှစ်တာ ကာလမှာ ပထမဆုံးအနေနဲ့ ခေါ်ယူပေးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် သက်တမ်း ၅ ရက်အကြာမှာပဲ နိုင်ငံတော်သမ္မတတွေကို အပြီးသတ် ရွေးချယ်တင်မြှောက်လိုက်ပြီ ဖြစ်ပါတယ်။

ဒီလိုရွေးချယ်တင်မြှောက်တဲ့အခါမှာတော့ လက်ရှိဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးဟောင်း၊ ကြံ့ခိုင်ရေးပါတီရဲ့ ဥက္ကဋ္ဌဦးသိန်စိန်က သမ္မတဖြစ်လာပါတယ်။ ဒီကနေ့မှာ ခေါ်ယူကျင်းပခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကနေ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားတဲ့ ပြည်သူ့လွှတ်တော်က ဦးသိန်းစိန်၊ အမျိုးသားလွှတ်တော်က ဒေါက်တာစိုင်းမောက်ခမ်းနဲ့ တပ်မတော်သားကိုယ်စားလှယ်ထဲက သီဟသူရဦးတင်အောင်မြင့်ဦးတို့ကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက မဲခွဲဆုံးဖြတ်ဦးဦးသိန်းစိန်ကို သမ္မတအဖြစ်ရွေးကောက်တင်မြှောက်လိုက်တာပါ။ ဒီလိုမဲခွဲဆုံးဖြတ်တဲ့အခါမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေက လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၉ ဦးရှိတဲ့ အနက် ဦးသိန်းစိန်က ၄၀၈ မဲနဲ့ သမ္မတအဖြစ် တင်မြှောက်ခံခဲ့ရတာပါ။ ဒုတိယသမ္မတတွေဖြစ်လာတဲ့ သီဟသူရဦးတင်အောင်မြင့်ဦးကတော့ ၁၇၁ မဲ ဒေါက်တာစိုင်းမောက်ခမ်းကတော့ ၇၅မဲရရှိခဲ့တာဖြစ်ပြီး၊ ပယ်မဲကတော့ ၅ မဲ ပါဝင်ခဲ့ပါတယ်။ ဒီလို လက်ရှိနိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန် သမ္မတအဖြစ် တင်မြှောက်ခံရတာနဲ့ပတ်သက်ပြီး ကြံ့ခိုင်ရေးပါတီရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဇော်မြှာဦးခင်ရွှေက အခုလိုပြောပါတယ်။

“ပြန်ပြီးတော့ သုံးသပ်ရလို့ရှိရင်တော့ ထိုက်ထိုက်တန်တန်ရသွားတဲ့ မဲလို့ပြောရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျနော်တို့ကြံ့ခိုင်ဖွံ့ဖြိုးရေးအနေနဲ့ ပြည်သူ့လွှတ်တော်မှာ ၂၅၉ ဦးရှိပါတယ်။ အမျိုးသားလွှတ်တော်မှာ ၁၂၉ ဦးရှိပါတယ်။ အားလုံး ၃၈၈ ဦးရှိပါတယ်။ တပ်မတော်သားအနေနဲ့ ပြည်သူလွှတ်တော်မှာ ၁၁၀ ဦးတက်ပါတယ်။ အမျိုးသားလွှတ်တော်မှာ ၅၆ ဦး တက်ပါတယ်။ အားလုံးပေါင်းလို့ ရှိရင် ၆၅၉ ဦးတက်ကြပါတယ်။

“တက်တဲ့အထဲမှာ ရှမ်းကဆိုရင် ပြည်သူ့လွှတ်တော် ၄၈ ဦး တက်ပြီးတော့ အမျိုးသားလွှတ်တော်က ၁၂ ဦးဆိုတော့ ရှမ်းက လူ ၆၀ ဦး တက်ပါတယ်။ အဲဒါကြောင့် ရှမ်းကတက်တဲ့အတွက်ကြောင့် ရှမ်းအမျိုးသားဖြစ်တဲ့ ဦးစိုင်းမောက်ခမ်းကို မဲထည့်ကြမှာဖြစ်ပါတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းအနေနဲ့ ရှမ်းကို နုတ်လိုက်ရင် ၃၂၈ ဦးရှိပါတယ်။ ဦးသိန်းစိန်အနေနဲ့က ၃၂၈ ဦး အပေါင်း တခြားပါတီစုံရဲ့ မဲ ၈၀ ဝင်သွားတဲ့ သဘောဆိုတော့ ပါတီစုံ အကုန်လုံးက ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ပေးလိုက်ကြတဲ့သဘောပေါ့။ ပါတီစုံမှာက ရှိတာမှ ၁၀၅ ဦးပဲရှိတယ်။ အဲဒီထဲက ၈၀ က ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ထည့်ပေးလိုက်တဲ့ သဘောဆိုတော့ ဗိုလ်ချုပ်ကြီးသိန်းစိန်အနေနဲ့ သမ္မတအနေနဲ့ ထိုက်ထိုက်တန်တန်ရရှိသွားခြင်းဖြစ်ပါတယ်။”

လာမယ့် ၈ ရက်နေ့မှာတော့ လွှတ်တော်အစည်းအဝေးတွေကို ပြန်လည်ခေါ်ယူထားပြီး အဲဒီအစည်းအဝေးကနေ သမ္မတကျမ်းကျိန်တာတွေ၊ အစိုးရအဖွဲ့ဖွဲ့စည်းရေးတွေ၊ ဒေသဆိုင်ရာဝန်ကြီးချုပ်တွေကို ခန့်အပ်ဖို့၊ ဝန်ကြီးတွေခန့်အပ်ဖို့စတဲ့ လုပ်ငန်းစဉ်တွေကို လုပ်ကိုင်ဖို့ရှိနေပါတယ်။ နိုင်ငံတော်သမ္မတအဖြစ်ဦးသိန်းစိန်ဖြစ်လာတဲ့ အပေါ်ကိုလည်း ဇော်မြှာဦးခင်ရွှေကအခုလိုပြောပါတယ်။

“သူက သမ္မတဖြစ်သွားတဲ့အတွက်ကြောင့် လက်ရှိလုပ်နေတဲ့လုပ်ငန်းတွေ ဆက်ပြီးသွားနိုင်တဲ့အပြင် သူက စီးပွားရေး၊ စာဖတ်အားလည်း ကောင်းတယ်၊ နားထောင်အားလည်းကောင်းတယ်၊ ဆုံးဖြတ်တဲ့ နေရာမှာလည်းမြန်လည်းမြန်တယ်။ မှန်လည်းမှန်ကန်တဲ့အတွက်ကြောင့် ဆက်ပြီးတော့ စီးပွားရေးတွေ ဒီထက်ဖွံ့ဖြိုးသွားမယ်လို့တော့ ကျနော်က ယုံကြည့်ပါတယ်။”

ဆိုတော့ အစိုးရသစ်လက်ထက်မှာ ကျနော်တို့တိုင်းပြည်မှာ ဖြစ်ပေါ်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ နိုင်ငံရေးဆိုင်ရာ သဘောထားကွဲလွဲ

**စာမျက်နှာ ၃ သို့**

**ပြည်ပရောက်မြန်မာတွေ မွေးရပ်မြေသို့ ပြန်နိုင်ကြတော့မည်လော** စာမျက်နှာ ၃

**သခင်သိန်းမောင်မွေးနေ့ အခမ်းအနား ဒေါ်အောင်ဆန်းစုကြည် တက်ရောက်** စာမျက်နှာ ၅

**ပြည်ထောင်စုနေ့အခမ်းအနား သတင်းသမားများ သတင်းယူခွင့်ရ** စာမျက်နှာ ၇

**ပါလီမန်ဒုတိယနေ့ အခင်းအကျင်းအပေါ် ဆန့်ကျင်သူနှင့် ဝင်ပြိုင်သူ ၂ ဦး၏အမြင်** စာမျက်နှာ ၁၄

**စီးပွားရေးကျပ်တည်း၍ အသက်မပြည့်သေးတဲ့ ကလေးများ လုပ်ငန်းခွင်ဝင်ကြရ** စာမျက်နှာ ၁၆

**ဗိုလ်ချုပ်သန်းရွှေ ကာကွယ်ရေးဦးစီးချုပ်ရာထူးမှ အနားယူမည်ဟုဆို** စာမျက်နှာ ၁၉

VOB အာဘော်

# အယူအဆသစ် လုပ်ကိုင်နည်းသစ်ဖြင့် အောင်မြင်မှုဆီသို့

ဇန်နဝါရီ ၃၁ ရက်က စတင်ကျင်းပသည့် လွှတ်တော်အစည်းအဝေးက မြန်မာနိုင်ငံ၏သမတကို ရွေးချယ်လိုက်သည်။ ဗိုလ်ချုပ်ကြီးဟောင်းဝန်ကြီးချုပ်သိန်းစိန်က သမတဖြစ်လာသည်။ သူနှင့်အတူ ဗိုလ်ချုပ်ကြီးဟောင်း သီဟသူရတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းက ဒုတိယသမတရာထူးနေရာကို ရခဲ့ကြသည်။ သမတနှင့် ဒုတိယသမတ ၂ ဦးစလုံးသည် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီထူထောင်ကြမည်ဆိုသော အဆင့် ၇ ဆင့်ပါ လမ်းပြမြေပုံအရ ပေါ်ပေါက်လာမည့်အစိုးရသစ်၏အကြီးအကဲသည် စစ်အာဏာ ရှင်စနစ်ကိုကျင့်သုံးခဲ့သည့် နအဖ၏ထိပ်သီးတဦးဖြစ်သောကြောင့် ဒီမိုကရေစီကို ပြုပြင်ပြောင်းလဲရေးကို အစစ်အမှန်လုပ်ဆောင်မည်လော သို့မဟုတ် လုပ်ဆောင်နိုင်မည်လော ဆိုသည်ကို မေးခွန်းထုတ်ရပေမည်။

လူမှုရေးအသင်းအဖွဲ့ဖြစ်သည်ဟု ကြေညာကာ ပြည်သူ့ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများကိုအဖွဲ့ဝင်အဖြစ် အတင်းအကျပ်သွတ်သွင်းကာ နိုင်ငံပိုင် ငွေကြေးပစ္စည်းယာဉ် အဆောက်အဦးများကို ရယူသုံးစွဲခဲ့သည်။ ရွေးကောက်ပွဲကျင်းပမည်ဟု ရက်အတိအကျ ထုတ်ပြန်ကြေညာပြီးသောအခါ လူမှုရေးအသင်းအဖွဲ့သည် နိုင်ငံရေးပါတီအဖြစ်နေ့ချင်း ညချင်းပြောင်းလဲသွားသည်။ ထို့အတူ ဗိုလ်ချုပ်ကြီးများသည်လည်း စစ်သားဘဝမှ နေ့ချင်းညချင်းအရပ်သားဖြစ်သွားကြသည်။ စစ်အာဏာရှင်ကျောထောက်နောက်ခံပါတီအဖြစ်ဖြင့် ရွေးကောက်ပွဲဝင်သောအခါ သေချာပေါက် အနိုင်ရရန် အခြေအနေများကို ၎င်းတို့ကိုယ်တိုင်ဖန်တီးခဲ့သည်။ ထိုဖြစ်စဉ်များကြောင့် စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ပါ့ မည်လောဟူသည့် မေးခွန်းများထွက်ပေါ်လာရခြင်းဖြစ်သည်။

နိုင်ငံတနိုင်ငံအား စနစ်တခုမှ စနစ်တခုသို့ကူးပြောင်းရာတွင် သို့မဟုတ် အခြေအနေတခုမှ အခြေအနေတခုသို့ပြောင်းလဲရာတွင် မိမိတို့၏လုပ်ဆောင်အကောင်အထည်ဖော်မည့်လမ်းစဉ်နှင့် လုပ်နည်းလုပ်ဟန်များကို မိမိကဲ့သို့နိုင်ငံရေးအင်အား စုများကလက်ခံကာ ပူးပေါင်းပါဝင်လုပ်ဆောင်လာစေရန်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန်လိုအပ်သည်။ သို့မှသာ ပြည်သူလူထုက ယုံကြည်ကိုးစားမည်ဖြစ်သည်။ သို့ဆိုလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အောင်မြင်မှုရရှိ ပေမည်။

ထို့ကြောင့် ငြိမ်းချမ်းသော တိုးတက်သော ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် ပြည်တွင်းရှိနိုင်ငံရေးအင်အားစုအားလုံး အစွဲနှင့်အတ္တများကိုလျှော့ကာ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများဖြင့်လုပ်ဆောင်နိုင်ရန် အရေးကြီးကြောင်း ရေးသားလိုက်ရပေသည်။

---

# မြန်မာပြည်အပြောင်းအလဲရဲ့ အစလို့ ဘန်ကီးမွန်း အကောင်းမြင်မျှော်လင့်

**VOA ၊ ဖေဖော်ဝါရီ ၄ ။** ။ မြန်မာစစ်အစိုးရရဲ့ဝန်ကြီးချုပ် ဦးသိန်းစိန်ကို နိုင်ငံတော်သမ္မတအဖြစ် အခုကျင်းပနေတဲ့ လွှတ်တော်မှာ မနေ့ကပဲ ရွေးချယ်လိုက်ပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းကတော့ မြန်မာပြည်မှာ အပြောင်းအလဲတွေ ဖြစ်ပေါ်လာဖို့ အစပြုတဲ့သဘောပဲလို့ မျှော်လင့်တယ်၊ မြန်မာပြည်အတွက် အရေးကြီးတဲ့ အခွင့်အလမ်းတရပ်ဆိုတဲ့သဘောပဲလို့ဆိုပါတယ်။ ကုလသမဂ္ဂဟာ မြန်မာပြည်ကအစိုးရသစ်အပြင် တိုင်းပြည်မှာအရေးပါတဲ့ အင်အားစုတွေရဲ့ခေါင်းဆောင်တွေနဲ့ ဒီမိုကရေစီထွန်းကားရေး၊ တိုင်းပြည်တိုးတက်ရေးနဲ့တည်ငြိမ်းရေးတွေဖြစ်ပေါ်လာအောင် လုပ်ဆောင်သွားဖို့ အသင့်ဖြစ်နေပြီလို့လည်း ဆိုပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့ ဦးသိန်းစိန်သမ္မတအရွေးခံရတာ အံ့သြစရာမဟုတ်ဘူး၊ မျှော်လင့်ထားပြီးသားပါလို့ ဆိုပါတယ်။ ဦးသိန်းစိန်ဟာ ပြီးခဲ့တဲ့နှစ် ဧပြီလတုန်းကပဲ ဗိုလ်ချုပ်ကြီးရာထူးက အနားယူပြီး ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှာ ဥက္ကဋ္ဌပြောင်းလုပ်ခဲ့တာပါ။ နိုဝင်ဘာလဆန်းက ကျင်းပခဲ့တဲ့ရွေးကောက်ပွဲတွေမှာ တခြားနိုင်ငံရေးပါတီတွေအများအပြား ဝင်ပြိုင်ခဲ့ကြပေမဲ့လည်း ဦးသိန်းစိန်ခေါင်းဆောင်တဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီကပဲ အနိုင်ရခဲ့ပြီး လွှတ်တော်က အရေးကြီးတဲ့ နေရာတွေမှာလည်း စစ်တပ်ကနေမကြာခင်ကမှ ဦးသိန်းစိန်လို ပြောင်းလာခဲ့ကြတဲ့ သူတို့ပါတီကလူတွေ အများစုကပဲ ထိန်းချုပ်ထားတာပါ။

သမ္မတရဲ့ ပထမဆုံးလုပ်ရမယ့်အလုပ်တွေထဲမှာ အစိုးရသစ်ဖွဲ့စည်းရေးလည်း ပါဝင်ပါတယ်။ မြန်မာ့အရေး လေ့လာသုံးသပ်သူတွေ စိုးရိမ်နေကြတာတခုကတော့ အရပ်သားအုပ်ချုပ်မှုရဲ့ နောက်ကနေ စစ်တပ်အာဏာ သုံးပြီး အုပ်ချုပ်နေမလားဆိုတာပါပဲ။ သမ္မတအဖြစ် ရွေးချယ်ဖို့ တင်မြှောက်ခံရတဲ့သူတွေထဲမှာ ဦးသိန်းစိန်၊ ဗိုလ်ချုပ်ကြီးဟောင်း သီဟသူရ တင်အောင်မြင့်ဦးနဲ့ ရှမ်းပြည်နယ်မှာ ဆေးကုသနေတဲ့ ဒေါက်တာ စိုင်းမောက်ခမ်းတို့ ပါဝင်ကြပါတယ်။

# ပြည်ပရောက်မြန်မာတွေ မွေးရပ်မြေသို့ ပြန်နိုင်ကြတော့မည်လော

**MIZZIMA ၊ ဖေဖော်ဝါရီ ၃။** ။ နိုင်ငံရပ်ခြားရောက် မြန်မာများ၏ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စကို လွှတ်တော်တွင်း ယနေ့ တင်ပြသွားမည်ဟု နေပြည်တော်ရောက် သက်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က မနေ့က ပြောသည်။

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရပ်ခြားသို့ ရောက်နေသည့် မြန်မာနိုင်ငံသားများ ပြန်လာခွင့်ရရှိရေးအတွက် လွှတ်တော်တွင် တင်ပြသွားမည်ဖြစ်ပြီး အနောက်နိုင်ငံများ၏ စီးပွားရေး ပိတ်ဆို့မှုပြဿနာနှင့်ပတ်သတ်၍လည်း တင်ပြသွားမည်ဟုဦးသိန်းညွှန့်က မနေ့ကမဇ္ဈိမကို ပြောသည်။

"မနက်ဖြန် လွှတ်တော်ထဲမှာ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေထုတ်ပြန်ဖို့နဲ့ နိုင်ငံခြားစီးပွားရေးပိတ်ဆို့မှု ဒဏ်ခတ် ဥပဒေတွေရုပ်သိမ်းဖို့ကိစ္စတွေ မနက်ဖြန်လုပ်မှာပါ။ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေဆိုတာ နိုင်ငံခြားရောက်နေတဲ့လူတွေ ဗမာပြည်ပြန်လာဖို့အတွက်လုပ်တာပါ။" ဟု ဦးသိန်းညွှန့်က မဇ္ဈိမကို ပြောသည်။

အန်အယ်လ်ဒီ NLD ပါတီဝင်အဟောင်းရှေ့နေတဦးဖြစ်သူ ဦးသိန်း ညွှန့်သည် အမျိုးသားဒီမိုကရေစီ အင်အားစုပါတီကိုယ်စားပြုပြီးသက်န်းကျွန်းမြို့နယ်ပြည်သူ့လွှတ်တော်အတွက်ဝင်ရောက်အရွေးခံ အနိုင်ရခဲ့သူ ဖြစ်သည်။

ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် ပါတီတွင်း ငွေစာရင်းကိစ္စများ မီဒီယာတွင် ပြောဆိုခဲ့ခြင်းကို အကြောင်းပြု၍ အန်ဒီအက်ဖ် NDF ပါတီက သူ့အား ပါတီမှထုတ်ပယ်ခဲ့သည်။ ယခုလွှတ်တော်အတွင်း လွှတ်တော်တွင်း ဒီမိုကရေစီအင်အားစုများ အားနည်းနေကြောင်း၊ အန်အယ်လ်ဒီပါတီ ရွေးကောက်ပွဲဝင်ခဲ့ပါက ယခုအခြေအနေမျိုးမဖြစ်နိုင်ကြောင်း ဦးသိန်းညွှန့်က ပြောဆိုသည်။

အန်အယ်လ်ဒီပါတီတွင် ပြန်ကြားရေးတာဝန်ခံတဦးအဖြစ် တာဝန်ယူခဲ့ဖူးပြီး ဦးဝင်းတင်အမှုတွင် ရှေ့နေလိုက်ပေးခဲ့သူ တဦးလည်းဖြစ်သည့် ဦးသိန်းညွှန့်က လွှတ်တော်တွင်း ယင်းသို့ ဒီမိုကရေစီအင်အားစုများ နည်းနေရခြင်းမှာ အန်အယ်လ်ဒီပါတီ ဦးဆောင်သူတဦးဖြစ်သည့် ဦးဝင်းတင်၏မှားယွင်းသော မဟာဗျူဟာကြောင့် ဖြစ်ကြောင်း စွပ်စွဲလိုက်သည်။

"လွှတ်တော်ထဲမှာ အတိုက်အခံ အင်အားစုတွေ နည်းနေတာကတော့ ဦးဝင်းတင်နဲ့ပတ်သတ်တဲ့သူတွေရဲ့ မှားယွင်းတဲ့ မဟာဗျူဟာကြောင့်ပေါ့။" ဟု ဦးသိန်းညွှန့်က ဆိုသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေး လှုပ်ရှားသူများဖြစ်သည့် မင်းကိုနိုင်နှင့်ကိုကိုကြီး စသူတို့ လွတ်မြောက်ရေးအတွက် သူ့အနေဖြင့်အစွမ်းကုန် တိုက်ပွဲဝင်သွားမည်ဟု ဦးသိန်းညွှန့်က ပြောသည်။

ဦးသိန်းညွှန့်သည် သူရှေ့နေလိုက်ပေးသည့် အမှုတခုတွင် တရားရုံးအား မထေမဲ့မြင်လုပ်သည်ဟု စွတ်စွဲခံရပြီး ၂၉.၆.၂၀၀၇ ခုနှစ်တွင် ရှေ့နေလိုင်စင် ၂ နှစ် ရုတ်သိမ်းခြင်းခံခဲ့ရသည်။ တရားရုံးက ရှေ့နေလိုင်စင် ၂ နှစ် ပိတ်သိမ်းသည်ဟု အမိန့်ချခဲ့သော်လည်း အမိန့်ချအပြီး ၃ နှစ်နှင့် ၇ လအကြာ ၂၈.၁.၂၀၁၁ ခုနှစ်မှ နေပြည်တော်တရားရုံးချုပ်က လိုင်စင်ပြန်ပေးခဲ့သည်။

"သက်န်းကျွန်း ၅ (က) ရပ်ကွက်က ဆင်းရဲသားတွေကိုထောင် ၄ လချတဲ့အမှုမှာ အဌမအကြိမ် တရားသူကြီး ညီလာခံမှာ အရင်တရားသူကြီးချုပ်ဦးသိန်းမောင် ပြောခဲ့တာကို ကိုးကားပြီးတော့ 'တရားကို မတရားလုပ်ရင်၊ မတရားတာကို တရားတယ်လုပ်ရင် တိုင်းပြည်ပျက်မယ်'လို့ ကျနော်ပြောခဲ့တာကို တရားရုံးကို မထေမဲ့မြင် ပြုတယ်ဆိုပြီးတော့ ရှေ့နေကျင့်ဝတ် ဖောက်ဖျက်မှုနဲ့လုပ်ခဲ့တာပါ။ အဲ့လို လုပ်တာ ကျနော့်ကို လိုင်စင် ပိတ်ချင်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာဖြစ်တဲ့အတွက် အဲ့တုန်းက အန်အယ်လ်ဒီ ဥက္ကဌဦးအောင်ရွှေက နယကဥက္ကဌဆီကို ကန့်ကွက်စာပို့ခဲ့ပါတယ်။"ဟု သူက မဇ္ဈိမကို ပြောသည်။

၂ နှစ်ပြည့်သော်လည်း လိုင်စင်ပြန်မရသဖြင့် ၂၀၀၉ ခုနှစ်ကတည်းက လိုင်စင်ကိစ္စအတွက် အကြိမ်ကြိမ် စာဖြင့်တင်ပြခဲ့ သော်လည်း မရခဲ့ကြောင်း၊ ယင်းသို့တင်ပြခဲ့သည်မှာ ၅ ကြိမ် ၆ ကြိမ်ထက် မနည်းရှိကြောင်းသိရသည်။ ယခု လွှတ်တော်ကိစ္စဖြင့် နေပြည်တော်သို့ အရောက် ဇန်နဝါရီ ၂၇ ရက်နေ့တွင် တရားသူကြီးချုပ်ရုံးသို့ထပ်မံသွားတင်ပြခဲ့ပြီးနောက် ဇန်နဝါရီ ၂၈ ရက်နေ့ကမှ တရားရုံးချုပ် ရှေ့နေလိုင်စင်ဌာနက သူ့ကို လိုင်စင် ပြန်ပေးခဲ့ကြောင်း ဦးသိန်းညွှန့်က ပြောသည်။

လွှတ်တော်တက်ချိန်တွင် ဦးသိန်းညွှန့်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ ဝတ်ဆင်လေ့ရှိသည့် လည်ကတုံးအဖြူ ပင်နီတိုက်ပုံနှင့် ကချင်လုံချည် ဝတ်ဆင်တက်ရောက်ခဲ့ပြီး ယင်းသို့ဝတ်ခြင်းနှင့်ပတ်သတ်၍ ယခုကဲ့သို့ ပြောဆိုခဲ့သည်။

"ကဗျာဆန်ဆန် ပြောရရင်တော့ဗျာ အန်အယ်လ်ဒီရဲ့ အလွမ်းအိပ်မက်တွေကို ပုံစံတမျိုးနဲ့ ကျနော် ဖော်လိုက်တာပါပဲ။"

---

**မျက်နှာဖုံးမှ**

မှုတွေကိုရောရင် ကြားစေ့အောင် သူ့အနေနဲ့လုပ်နိုင်လိမ့်မယ်လို့ရော အန်ကယ်ထင်ပါသလား။

"သူက သဘောထားအနေနဲ့လည်း ပျော့ပျောင်းတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ အားလုံးကို ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနဲ့ စည်းစည်းလုံးလုံးသွားမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ အဲဒါကြောင့် ကျနော်အနေနဲ့ သူ့တဆင့်ပြီးတဆင့်တော့ သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။"

နိုင်ငံတော်သမ္မတဖြစ်လာတဲ့ ဦးသိန်းစိန်ဟာ ၁၉၄၅ ခုနှစ်က ဖွားဖြစ်ပြီး အခုအချိန်မှာ အသက် (၆၅) နှစ်ရှိပြီ ဖြစ်ပါတယ်။ သူဟာ မေမြို့စစ်တက္ကသိုလ် အပတ်စဉ် ၉ ဆင်းဖြစ်ပြီး ၁၉၈၈ ခုနှစ် တပ်မတော်က အာဏာသိမ်းပြီးတဲ့နောက် ကကကြည်းမှာ စစ်ဦးစီး ဗိုလ်မှူးကြီးနှင့် စစ်ဆင်ရေး ကွပ်ကဲရေးမှူးတာဝန်များ ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်တွင် ကြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရပါတယ်။ ၁၉၉၈ ခုနှစ်မှာတော့ ဗိုလ်ချုပ်၊ ၂၀၀၂ ခုနှစ်တွင် စစ်ရေးချုပ်၊ ၂၀၀၃ ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးရာထူးအပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ အတွင်းရေးမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာတော့ အတွင်းရေးမှူး (၁)အဖြစ်တိုးမြှင့်ခန့်ထားခံရသည်။ ၂၀၀၇ ခုနှစ်မှာတော့ ဝန်ကြီးချုပ်စိုးဝင်း ကွယ်လွန်ပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်တာဝန်ယူခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် ဧပြီလ ဆန်းပိုင်းတွင် တပ်မတော်ရာထူးကနေ အနားယူပြီ ရွေးကောက်ပွဲအနိုင်ရ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၁၁ လွှတ်တော်ရဲ့ ပထမဆုံးသမ္မတဖြစ်လာတာလည်း ဖြစ်ပါတယ်။

# လူငယ်များ နိုင်ငံရေးစိတ်ဓာတ်နိုးကြားရန် များစွာလိုအပ်နေဟု ဒေါ်စုပြော

**DVB ။ ဖေဖော်ဝါရီ ၃ ။** ။ ကနေ့ လူငယ်တွေဟာ နိုင်ငံရေးစိတ်ရ ဆကသအားဓာတ်တွေ နိုးကြား တက်ကြွဖို့ များစွာ လိုအပ်နေတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောပါ တယ်။ ရေဝတီတိုင်း ကျုံပျော်မြို့နယ်မှာ ဒီကနေ့ ပြုလုပ်တဲ့ ဝါရင့်နိုင်ငံရေးပုဂ္ဂိုလ် ဦးတင်ရဲ့ အသက် ၉၆ နှစ်ပြည့် မွေးနေ့ပွဲမှာ အထွေထွေအတွင်းရေးမှူးရုံးမှ ရုံးအဖွဲ့ မှူး ဗိုလ်ကြီးဟောင်း ဦးဝင်းထိန်က အခုလို ပြောဆိုလိုက်တာပါ။

လက်ရှိ လူငယ်တွေဟာ နိုင်ငံရေးဘက်မှာ စိတ်ဝင်စားမှုမရှိတော့ဘဲ လမ်းကြောင်းလွဲနေတယ်လို့ ပြောပါတယ်။ ဒါ့ပြင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လည်း ကနေ့ လူငယ်တွေရဲ့ အခြေအနေကို စိုးရိမ်နေပြီး အနာဂတ်အရေးမှာ လူငယ်တွေဟာ အရေးကြီးကြောင်း ပြောဆို နေတယ်လို့ ဦးဝင်းထိန်က ပြောပါတယ်။ ဒါကြောင့် ဒီကနေ့ မွေးနေ့ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြောကြားချက် ပေါ် မူတည်ပြီး လူငယ်တွေကို ဟောပြောခဲ့တယ်လို့ အခုလို ပြောပါတယ်။

“ဒါကတော့ ဒေါ်အောင်ဆန်းစုကြည်လည်း လွန်ခဲ့တဲ့ ၃ ပတ်လောက်တုန်းက အန်အယ်လ်ဒီက လူငယ်တွေကော အပြင်က လူငယ်တွေကော တွေ့ပြီးပြီ။ နောက်ထပ် နောက်အပတ်ထဲမှာလည်း ဆက်ပြီး တွေ့စရာ ရှိတယ်။ တွေ့ရတဲ့ ရည် ရွယ်ချက်က ဘာလဲဆိုရင် အခုဖြစ်နေတာက လူငယ်တွေကို နိုင်ငံရေး လမ်းကြောင်း ကနေပြီးတော့ သွေဖြည်ပြီးတော့မှ တခြား အပျော်အပါးတွေ အလှအပတွေနဲ့ လမ်း ကြောင်းလွဲနေတဲ့ ကိစ္စက လူငယ်တွေမှာ နိုင်ငံရေးနဲ့ ပတ်သက်ပြီးတော့မှ လုပ်ရင်ပဲ ရှုံးတိုးရှုန့်တန့် ဖြစ်သလို ရှက်စရာ ဖြစ်သလိုလို အဲဒီမျိုးတွေ ဖြစ်နေတဲ့ အတွက် ကြောင့်မို့လို့ လူငယ်တွေဟာ နိုင်ငံ့အနာဂတ် အရေးအတွက် အရေးကြီးတယ် ဆို တဲ့ စိတ်ထားမျိုးတွေ ပျံ့နှံ့သထက် ပျံ့နှံ့အောင် ကျနော်တို့ကနေ ကြိုးစားပြီး လုပ် ပေးနေတာပါ။”

မွေးနေ့ရှင် ဝါရင့်နိုင်ငံရေးပုဂ္ဂိုလ် ဦးတင်ဟာ နယ်ချဲ့တော်လှန်ရေးမှာ ပါဝင် သူဖြစ်ပြီး တပ်မတော်မော်ကွန်းဝင် ‘ဒုအဆင့်’ ရှိတယ်လို့ သိရပါတယ်။ ဒါ့ပြင် ဖဆပလ အစိုးရခေတ်မှာလည်း လွှတ်တော်ကိုယ်စားလှယ်တဦး ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ၁၉၉၀ ခုမှာ အစိုးရ ကိုယ်စားလှယ်တဦး ဖြစ်ခဲ့ပြီး ထောင်အကြိမ်ကြိမ် ကျဖူးသူ လည်း ဖြစ်တယ်လို့ သိရပါတယ်။ ဦးတင်ရဲ့ ဒီကနေ့မွေးနေ့ပွဲကို ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနဲ့ အထွေထွေအတွင်းရေး မှူး ဒေါ်အောင်ဆန်းကြည်တို့က မတက်ရောက်ပေမယ့် မွေးနေ့ လက်ဆောင်ပါးခဲ့ပြီး အဖွဲ့ချုပ်ဝင် ၄၀ ကျော်နဲ့ အတူ ဧည့်ပရိသတ် ၃၀၀ လောက် တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

မနေ့က တာမွေမြို့နယ် ဘုန်းကြီးကျောင်းတခုမှာ ကျင်းပသွားတဲ့ လွတ်လပ် ရေး တိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးပုဂ္ဂိုလ် သခင်သိန်းမောင်ရဲ့ ၉၂ နှစ်ပြည့် မွေးနေ့ပွဲမှာ လည်း ဒေါ်အောင်ဆန်းစုကြည်က လူငယ်တွေကို ဝါရင့်နိုင်ငံရေးပုဂ္ဂိုလ်တွေရဲ့ အတွေ့ အကြုံတွေကိုယူပြီး အတိတ်ဘဝက ဖြစ်ခဲ့တာတွေကို ပစ္စုပ္ပန်အပြင် အနာဂတ်မှာ နမူနာယူပြီး သယ်ဆောင်သွားသင့်တယ်လို့ ပြောပါတယ်။ ဒါ့ပြင် ရွှေတပတ်မှာလည်း ရန်ကုန်တိုင်း လူငယ်တွေနဲ့အတူ တိုင်းနဲ့ပြည် နယ်အသီးသီးက အဖွဲ့ချုပ်လူငယ်တွေကို အဖွဲ့ချုပ်ဗဟိုရုံးမှာ တွေ့ဆုံဖို့ စီစဉ်နေပါ တယ်။

# နိုင်ငံတော်အကြီးအကဲများ၏ လစာနှင့် ရပိုင်ခွင့်များ ကြိုတင်သတ်မှတ်

**RFA ။ ဖေဖော်ဝါရီ ၁ ။** ။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်သမတရဲ့လစာကို ကျပ်သိန်း ၅၀ သတ်မှတ်ပြီး ကား ၆ စီး အပါအဝင် လိုအပ်တဲ့ အဆောင်အယောင်တွေ၊ နိုင်ငံခြား ဆေးကုသခွင့်တွေရှိတယ်လို့ အမျိုးသား ဒီမိုကရေစီ အင်အားစုရဲ့ ဇန်နဝါရီ ၃၁ ရက် တနင်္လာနေ့ကထုတ်ပြန်တဲ့ လွှတ်တော်အစည်းအဝေးသတင်းမှာ ဖော်ပြထားပါတယ်။

အမှိုက်ပုံထဲမှ စားကြွင်းစားကျန်များကို ရှာဖွေစားသောက်နေသော ကလေးငယ်များရဲ့ဓာတ်ပုံကိုလည်း သတင်းမှာ ဖော်ပြထားပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ဆင်းရဲသော လူနေမှုအခြေအနေဖြင့် နေထိုင်နေရကြောင်း ခန့်မှန်းတွက် ချက်ထားသည်။

ဒု သမတရဲ့လစာ ကျပ် သိန်း ၄၀ ၊ လွှတ်တော်ဥက္ကဋ္ဌတွေက ၃၅ သိန်းစီနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ၃ သိန်း ခံစားခွင့် ရှိတယ်လို့ဆိုပါတယ်။ ဒီလစာ သတ်မှတ်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရလို့ ဆိုပေမဲ့ အခုမှသိခွင့်ရတာဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအင်အားစု ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောပါတယ်။

“လွှတ်တော် မစခင်မှာကတည်းက ကျွန်တော်တို့ ဒီသတင်းတွေ ကြားပြီးနေပြီ။ လွှတ်တော်မှာ သွားတက်မဲ့ ပုဂ္ဂိုလ်တွေက လွှတ်တော်ကိုသွားပြီးတော့ ဒီ သတင်းပို့တဲ့အခါမှာ အဲဒီအကြောင်းတွေ သိလာရတယ်။ သမတက သိန်း ၅၀ ရမယ်တို့၊ ဒုသမတကဘယ် လောက်ရမယ် အစရှိသည်ဖြင့်၊ လွှတ်တော်ကိုယ်စား လှယ် တွေကတော့ ၃ သိန်းရမယ် အစရှိသည်ဖြင့် လစာတွေကို သူတို့ကို လွှတ်တော်ရုံးကနေပြီးတော့ သတင်းထုတ်ပေးလိုက်တယ်လို့ ဆိုရမှာပေ့ါဗျာ။”

ကြိုတင်ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပုဒ်မ ၄၄၃ အရဆိုပေမဲ့ လွှတ်တော်ကနေ ပြင်ဆင်ခွင့်၊ ဖျက်သိမ်းခွင့်ရှိတယ်လို့ဆိုထားပေမဲ့ လက်ရှိကျင်းပနေတဲ့ လွှတ်တော်မှာ ကိုယ်စားလှယ်အများစုအနိုင်ရထားတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကပဲ လွှမ်းမိုးနေတယ်လို့ ဦးခင်မောင်ဆွေက ပြောပါတယ်။

“ဩော် လွှတ်တော်အနေအထားကတော့ ပြောထားတဲ့အတိုင်းတော့ သူတို့ ဆက်သွားနေတာတော့ အမှန်ပေ့ါဗျာ။ ဒါပေမဲ့ ဒီလွှတ်တော်မှာ ဒီဥက္ကဋ္ဌတွေ အစရှိသည်ဖြင့် သဘာပတိတွေ တင်မြှောက်တာတော့ အများစုအနိုင်ရတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးကပဲ နေရာယူထားတာ တွေ့ရတယ်။ တခြားပါတီတွေက လွှတ်တော်ဥက္ကဋ္ဌ၊ နာယက အစရှိသည်ဖြင့်တင်မြှောက်ခံရတာမတွေ့ရဘူး။ ဒါပေမဲ့ တခြားပါတီတွေက လွှတ်တော်နာယက၊ ဥက္ကဋ္ဌအစရှိသည်ဖြင့် တင်မြှောက်တာကို အပြိုင်တင်မြှောက်တာတွေတော့ရှိတယ်လို့ ကြားရတယ်။ အမျိုးသားလွှတ်တော်မှာသော်လည်းကောင်း၊ အဲဒီလိုကြားရတဲ့အတွက်ကြောင့်မို့လို့ အပြိုင်တင်ခွင့်တွေလည်းရထားတယ်။ သို့သော်လည်းပဲ အနိုင်မရဘူးသာလျှင်သိရပါတယ်။”

တနင်္ဂနွေနေ့က စတင်ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေက ဥက္ကဋ္ဌနေရာတွေကို ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက ဦးရွှေမန်းနဲ့ ဦးခင်အောင်မြင့်တို့ကို ရွေးချယ်တင်မြှောက်ခဲ့ပါတယ်။

တနင်္လာနေ့မှာတော့ ဒုတိယ သမတလောင်း ၃ ဦးကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တပ်မတော်သားအစုအဖွဲ့ကနေ တဦးစီ အမည်တင်သွင်းပေးဖို့ အစီအစဉ်ရှိတယ်လို့ သိရပါတယ်။အဲဒီ ဒုတိယသမတလောင်း ၃ ဦးထဲကနေ နိုင်ငံတော်သမတကို ပြည်ထောင်စု လွှတ်တော်က ပြန်လည်ရွေးချယ် တင်မြှောက်ရမှာဖြစ်ပါတယ်။

# သခင်သိန်းမောင် မွေးနေ့အခမ်းအနား ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

**VOA ၊ ဖေဖော်ဝါရီ ၂ ။** ။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ သီတင်းတပတ်ကျော်ကြာအတန်ငယ်မကျန်းမမာဖြစ်နေခဲ့ရာက ဒီကနေ့ ပထမဆုံးအကြိမ်အဖြစ် ပါတီလုပ်ငန်းတွေကို ပြန်လုပ်နေပါပြီ။ ဒီကနေ့မနက်ပိုင်းက ရန်ကုန်တိုင်း၊ တာမွေမြို့နယ်မှာကျင်းပတဲ့ ဝါရင့်နိုင်ငံရေးသမားကြီးသခင်သိန်းမောင်ရဲ့မွေးနေ့ပွဲ အခမ်းအနားကိုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင်တွေနဲ့အတူ သွားရောက်ခဲ့ပါတယ်။ အပြည့်အစုံကို ဆက်သွယ် စုံစမ်းထားတဲ့ကိုဇော်ဝင်းလှိုင်က တင်ပြပေးထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ သီတင်းတပတ်ကျော်ကြာ၊ နှစ်ပတ်နီးပါး နာမကျန်းဖြစ်ပြီး နေအိမ်မှာပဲ အနားယူနေခဲ့ရာက ဒီကနေ့ မနက်မှာတော့ စာပေနဲ့နိုင်ငံရေးလောကက လူတော်တော်များများနဲ့အတူ သခင်သိန်းမောင်ရဲ့မွေးနေ့ပွဲကို တက်ရောက်ခဲ့တဲ့အကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောပါတယ်။

"အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ဒီနေ့မနက် ရန်ကုန်မြို့၊ တာမွေ၊ နတ်ချောင်း၊ မဟာသန္တိသုခ ခန်းမမှာ ကျင်းပတဲ့ သခင်သိန်းမောင်ရဲ့ မွေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲကို တက်ရောက်ပါတယ်။ သခင်သိန်းမောင်ရဲ့ မွေးနေ့ ဧည့်ခံပွဲမှာ ကျန်တဲ့ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌဦးတင်ဦး၊ ဆရာ ဦးဝင်းတင်၊ နောက် ကျန်တဲ့ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တခြားတခြား နိုင်ငံရေးလောက၊ စာပေလောကမှာရှိတဲ့ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဘက်များ၊ နောက် ဆရာပါရဂူတို့၊ ဆရာ ဒဂုန်တာရာတို့ စတဲ့စာပေနယ်ပယ်က ပုဂ္ဂိုလ်ကြီးများလည်း တက်ရောက်တာ တွေ့ရပါတယ်။"

ဆရာကြီးဒဂုန်တာရာနဲ့ ဆရာကြီးပါရဂူတို့က မွေးနေ့အထိမ်းအမှတ်အဖြစ်နဲ့ သခင်သိန်းမောင်ရဲ့နိုင်ငံရေးစွမ်းဆောင်ချက်တွေနဲ့ ပတ်သက်လို့ ပြောကြားပြီးတဲ့နောက်မှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်တွေကို စကားပြောကြားခဲ့ပါတယ်။

"အထွေထွေ အတွင်းရေးမှူးကတော့ ကျနော်တို့လူငယ်တွေဟာ လူကြီးတွေရဲ့အမွေတွေကို ဆက်ခံရမှာ တာဝန်ရှိတယ်၊ ဆက်ခံဖို့တာဝန်ရှိတယ်။ အဲဒီနေရာမှာနည်းတွေ၊ ဘယ်လို စွမ်းစွမ်းတမံစွမ်းဆောင်ခဲ့တယ်ဆိုတဲ့ နမူနာတွေ ယူပြီးတော့ ဒီကနေ့ရောက်နေတဲ့အခြေအနေနဲ့ ကျေနပ်ရောင့်ရဲမနေဘဲနဲ့အနာဂတ်မှာ ဒ့ါထက်ကောင်းသထက်ကောင်းအောင် ဆက်လက်ပြီးတော့ ဖော်ဆောင်သွားကြဖို့လူငယ်တွေမှာ တာဝန်ရှိတယ်လို့ အလေးအနက်ပြောကြားသွားပါတယ်။ အဲဒီနောက် အထွေထွေ အတွင်းရေးမှူးက တက်ရောက်လာကြတဲ့ ပရိသတ်တွေကိုလည်း မပြန်ခင်မှာ အပြင်လောက၊ နိုင်ငံရေးလောကက ပုဂ္ဂိုလ်အသီးသီးကိုလည်း နှုတ်ဆက်ပါတယ်။" NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်ပြောပြခဲ့တာ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၁ နေ့မှာ ပင်လယ်စာ အစားမှားရာက အထက်လှန် အောက်လျှော ဖြစ်ပြီး အနားယူဖို့ ဆရာဝန်ကအကြံပေးတာကြောင့် အဲဒီကတည်းက အိမ်မှာပဲ နားနေခဲ့တာပါ။ ဒီကြားထဲ ကျန်းမာရေး ပြန်ကောင်းလာပေမဲ့လည်း ရုံးမတက်သေးဘဲ အိမ်ကနေပဲ လုပ်စရာရှိတာတွေကို ဆက်လုပ်နေခဲ့တယ်လို့ သိရပါတယ်။

တဆက်တည်းမှာပဲ လူထုအကျိုးပြု လူမှုရေးလုပ်ငန်းတွေကို လက်ရှိလုပ်ဆောင်နေကြတဲ့ NLD အဖွဲ့ဝင် မဟုတ်တဲ့ လူငယ်တွေနဲ့ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၈ ရက်နေ့က ရန်ကုန်မြို့ NLD ရုံးချုပ်မှာ ပြုလုပ်တဲ့ လူငယ်တွေ့ဆုံပွဲကို အကြောင်းကြောင်းကြောင့် တက်ခွင့်မရလိုက်တဲ့ ပြည်နယ်၊ တိုင်းအသီးသီးက လူငယ်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပွဲကို လာမယ့် ဖေဖော်ဝါရီလ ၈ ရက်နဲ့ ၉ ရက်နေ့တွေမှာ ၂ ရက်ခွဲပြီး ထပ်မံကျင်းပသွားဖို့ စီစဉ်ထားတဲ့အကြောင်း ဦးအုန်းကြိုင်က ပြောပါတယ်။

"လူငယ်ညီလာခံကို ၈ ရက်နေ့နဲ့ ၉ ရက်နေ့မှာ မနက် ၉ နာရီခွဲကနေ စပြီးတော့ တနေကုန်ပေါ့၊ ၈ ရက်နေ့က တပွဲ၊ ၉ ရက်နေ့တပွဲ၊ သီးခြားစီလူငယ်တွေတက်ရောက်ကြမှာပါ။ အထွေထွေညီလာခံဆိုတာ NLD မဟုတ်သော ပြင်ပလူငယ်များနဲ့ အထွေထွေအတွင်းရေးမှူးရဲ့တွေ့ဆုံပွဲကို ပြောတာပါ။ အရင်တခါ ၂၈ ရက်နေ့ကလိုပဲအထွေထွေအတွင်းရေးမှူးနဲ့ တွေ့ဆုံပွဲဖြစ်အောင် ကျနော်တို့က ဖြစ်အောင် စီစဉ်ပေးလိုက်တာဖြစ်ပါတယ်။ အဲတော့ တက်ရောက်မယ့်ပုဂ္ဂိုလ်က ၅၀၀ ကျော်လောက်ဖြစ်နေတော့ ကျနော်တို့အခန်းက တဝက်စီလောက်ပဲ ဆန့်မယ်လေ၊ ဒါကြောင့် ကျနော်တို့က ၂ ရက်ခွဲပြီး လုပ်လိုက်ပါတယ်။

"ပထမ ၈ ရက်နေ့မှာ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ နောက် တခြား မကွေးတိုင်းတို့ ဘာတို့ အဲဒီမြို့နယ်တွေက လူငယ်တွေ၊ နောက်ကရင်ပြည်နယ်တို့ ဘာတို့က လူငယ်တွေတက်ပါမယ်။ ၉ ရက်နေ့မှာတော့ အထက်မြန်မာပြည်က ကချင်တို့၊ ရှမ်းတို့၊ မန္တလေးတိုင်းတို့၊ တိုင်းရင်းသားတွေအပါအဝင် စစ်ကိုင်းတိုင်းတို့၊ အဲဒီကလူငယ်တွေတက်ရောက်ဖို့ ဖြစ်ပါတယ်။" NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင် ပြောပြခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ လူငယ်ညီလာခံကိုတော့ ရန်ကုန်တိုင်း အတွင်းမှာရှိတဲ့ လူငယ်တွေ တက်ရောက်ခဲ့ကြတာများပါတယ်။ အဲဒီညီလာခံမှာ လက်ရှိ မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ နိုင်ငံရေး၊ လူမှုရေး အကျပ်အတည်းတွေကိုဖြေရှင်းဖို့ကြိုးစားတဲ့နေရာမှာ လူငယ်တွေရဲ့အခန်းကဏ္ဍဟာ အရေးကြီးတာကြောင့်လူငယ်တွေမပါလို့မဖြစ်ဘူးလို့ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်အကျယ်ချုပ်က ပြန်လွတ်လာပြီးကတည်းက လူငယ်တွေကြား ဆက်သွယ်မှုတွေ ကောင်းမွန်လာအောင်နဲ့ လူငယ်တွေအသိပညာ၊ ဗဟုသုတ တိုးပွားလာဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လူငယ်ကွန်ရက်တွေ ဖွဲ့ဖို့လိုတယ်လို့ ပြောကြားခဲ့တဲ့အတိုင်းလူငယ်တွေ့ဆုံပွဲတွေ၊ စာပေဆွေးနွေးပွဲတွေကို စီစဉ်ကျင်းပနေခဲ့တာဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်အလုပ်သမားသမဂ္ဂ မြန်မာ့အရေးဆွေးနွေး

**DVB ။ ဖေဖော်ဝါရီ ၄ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဂျပန်အကြီးစား စက်မှုလုပ်ငန်း သမဂ္ဂက တာဝန်ရှိသူတွေ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခန့်က မြန်မာ့အရေးနဲ့ပတ်သက်ပြီး ဖုန်းနဲ့ဆက်သွယ် ဆွေးနွေးခဲ့ကြပါတယ်။

ဂျပန်နိုင်ငံက ဂျမ်လို့ခေါ်တဲ့အကြီးစားစက်မှုဆိုင်ရာအလုပ်သမားသမဂ္ဂ အဖွဲ့ချုပ်က ဒုအထွေထွေဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်က ဒုအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ မဆဒိ ကိုယမ စံ ဦးဆောင်တဲ့ တာဝန်ရှိသူတွေက မြန်မာနိုင်ငံမှာ စစ်မှန်တဲ့အလုပ်သမားသမဂ္ဂတွေ ပေါ်ပေါက်မှ ဒီမိုကရေစီထွန်းကားမယ်လို့ ယုံကြည်ကြောင်း မိနစ် ၃၀ ကြာ ဆွေးနွေးပွဲမှာ ထည့်သွင်းပြောကြားခဲ့ပြီး အသေးစိတ် ထပ်မံဆွေးနွေးကြမယ်လို့ ပြောပါတယ်။ ဆွေးနွေးပွဲမှာ ဒေါ်အောင်ဆန်းစုကြည်က ဂျပန်အစိုးရက မြန်မာနိုင်ငံရဲ့ဒီမို ကရေစီရရှိရေးကို ပိုပြီးတော့ ခိုင်ခိုင်မာမာထောက်ခံဖို့ တိုက်တွန်းသွားပါတယ်။

"ဗမာအလုပ်သမားတွေနဲ့ ဂျပန်အလုပ်သမားတွေကြား ရင်းနှီးမလိုအပ်သလို။ ဒီမိုကရေစီလိုလားတဲ့ ဂျပန်နဲ့ဒီမိုကရေစီလိုလားတဲ့ ဗမာတွေအကြား သွေးစည်းညီညွတ်မှုဖြစ်အောင်လို့ လုပ်ပေးစေချင်ပါတယ်။ ဒီမိုကရေစီရရှိရေးဟာ အလုပ်သမားတွေအတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာကိုအလုပ်သမားများက သိတယ်ဆိုတော့ ဂျပန်အစိုးရအနေနဲ့လည်း အန်တီတို့ရဲ့ ဒီမိုကရေစီရရှိရေးကို ပိုပြီးတော့ ခိုင်ခိုင်မာမာထောက်ခံဖို့လည်း တိုက်တွန်းပေးဖို့ အန်တီတို့က နီးနီးကပ်ကပ်နဲ့ ဆက်သွယ်မှုရှိအောင်လို့ စာအား ဖြင့်ပေါ့နီးနီးကပ် ကပ် ဒီလိုတော့ လုပ်နိုင်တယ်။ ကမ္ဘာ့အလုပ်သမားများအားလုံး သွေးစည်းညီညွတ်သလို ကမ္ဘာမှာရှိတဲ့ ဒီမိုကရေစီလိုလားသူများ သွေးစည်းညီညွတ်မှုအတွက် အားလုံး ဘယ်လို ပူးပေါင်းဆောင်ရွက်သွားနိုင်မလဲဆိုတာကို အန်တီတို့အနေနဲ့ မေးသွားချင်ပါတယ်။ အားလုံးအတွက်ကိုလည်း ကျေးဇူးတင်ပါတယ်။"

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီအရေး ဖော်ဆောင်ရေးလုပ်ငန်းစဉ်တွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံအားပေး အကောင်အထည်ဖော်ချင်လို့ ဆက်သွယ်ဆွေးနွေးရတာလို့လည်း ဂျပန်သမဂ္ဂက ပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံကအလုပ်သမားထုကြီးကို ဂျပန်အလုပ်သမားထုကြီးက စာနာနားလည်ကြပြီး မျက်ခြည်မပြတ်စောင့်ကြည့်နေပါတယ်။ စံချိန်စံညွှန်းမီတဲ့ စစ်မှန်တဲ့အလုပ်သမားသမဂ္ဂတွေ ပေါ် ပေါက်ဖို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တတ်နိုင်သလောက်ပူးပေါင်းဆောင် ရွက် သွားမယ်လို့လည်း ဂျပန်သမဂ္ဂက ပြောဆိုခဲ့ပါတယ်။

# နိုင်ငံရေးအကျဉ်းသားများထောင်ပြောင်း

**DVB ။ ဖေဖော်ဝါရီ ၄ ။** ။ သံတွဲထောင်မှာ အကျဉ်းကျခံနေတဲ့ နိုင်ငံရေးအကျဉ်းသား ၅ ဦးကို ထောင်ပြောင်းရွှေ့လိုက်တယ်လို့ သိရပါတယ်။

နိုင်ငံရေးတက်ကြွလှုပ်ရှားမှုကြောင့် ရခိုင်ပြည်နယ် သံတွဲအကျဉ်းထောင်မှာ ထောင်ဒဏ်နှစ်ရှည်ကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုကိုကြီး (ခေါ်) ကိုသိန်းသန်းထွန်း၊ ကိုဝင်းမော်၊ ကိုမောင်မောင်လတ်၊ ကိုဇော်မင်းနဲ့ကိုဖေယျာဦးတို့ ၅ ဦးကို ဒီကနေ့ညနေ ၄ နာရီလောက်မှာ သံတွဲထောင်ကနေ ပြောင်းရွှေ့သွားလိုက်တယ်လို့ သိရပါတယ်။ ကိုကိုကြီးနဲ့ ကိုမောင်မောင်လတ်ကို ဘူးသီးထောင်၊ ကိုဝင်းမော်ကို ကျောက်ဖြူထောင်၊ ကိုဇော်မင်းနဲ့ ကိုဖေယျာဦးကို စစ်တွေထောင် အသီးသီးပြောင်းရွှေ့လိုက်တယ်လို့ မျက်မြင်သက်သေ သံတွဲမြို့ ဒေသခံတဦးက အခုလို ပြောပါတယ်။

"အခု ၄ နာရီ ကျော်ကျော်လေးလောက်ကပဲ ဒီရွှေ့က ဖြတ်သွားတယ်၊ သံခြေချင်း ခတ်ထားတယ်၊ ဟိုင်းလတ်ဆာ့ဘ်ကား နောက်ပွင့်လေးနဲ့။ တခြားဘာမှ ပါမသွားဘူး၊ စာအုပ်တွေ ဘာညာ အားလုံး ပြန်ထုတ်ပေးခဲ့တယ်လေ။"

အခုချိန်မှာ နအဖ စစ်အစိုးရကနေ လွှတ်တော်ခေါ်ယူနေတဲ့ အချိန်လည်း တိုက်ဆိုင်နေပြီး လွှတ်တော်ခေါ်ယူအပြီး အရပ်သားအစိုးရဖွဲ့ပြီးတဲ့အခါ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးမလားဆိုတာ နိုင်ငံရေးအကျဉ်းသားမိသားစုတွေ၊ နိုင်ငံရေးလှုပ်ရှားသူတွေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကပါမျှော်လင့်နေတဲ့ အချိန်လည်းဖြစ်ပါတယ်။ အခုလို နိုင်ငံရေးအကျဉ်းသား ၅ ဦးကို ထောင်ပြောင်းရွှေ့တာနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံ အခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ–ဘီ) အတွင်းရေးမှူးကိုတိတ်နိုင်က သုံးသပ်ပြောဆိုပါတယ်။

"ဟုတ်ကဲ့ အခုအချိန်မှာတော့ ဒီလွှတ်တော်ခေါ်ယူကျင်းပနေတဲ့ အချိန်နဲ့တိုက်ဆိုင်နေပါတယ်၊ ဆိုတော့ ဒီလူတွေက နိုင်ငံရေးအကျဉ်းသားတွေရဲ့မိသားစုတွေကကော၊ နိုင်ငံရေးလှုပ်ရှားသူတွေကကော၊ ပြည်ပ မြန်မာ့အရေးစိတ်ဝင်စားနေတဲ့လူတွေကကော၊ ဒီနိုင်ငံရေးအကျဉ်းသားတွေပြန်လွှတ်လာလိမ့်မယ်လို့ မျှော်လင့်နေကြတယ်၊ ဒီနေ့တချိန်တည်းမှာပဲ သံတွဲထောင်မှာရှိနေတဲ့ ၁၀ ယောက်ကနေ ၅ ယောက်ကို အကျဉ်းထောင်တွေ ပြောင်းရွှေ့တယ်၊ အဲဒီလိုမျိုးပြောင်းရွှေ့နေတဲ့ဖြစ်စဉ်တွေ ဖြစ်တဲ့အခါကျတော့ မျှော်လင့်နေတဲ့လူတွေအတွက် ပိုပြီးတော့ မျှော်လင့်ချက်တွေ ဝေးစေတယ်ပေါ့ သူတို့ရဲ့မိသားစုတွေအတွက်။"

မြန်မာနိုင်ငံရဲ့အကျဉ်းထောင် ၄၃ ထောင်ထဲမှာ နိုင်ငံရေးတက်ကြွလှုပ်ရှားခဲ့မှုကြောင့် ထောင်ဒဏ်ကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ၂,၁၈၉ ဦး ရှိနေတယ်လို့ အေအေပီပီ–ဘီရဲ့ စာရင်းများအရ သိရပါတယ်။

# စစ်တပ်က အဓမ္မခိုင်းမှု ILO ကိုတိုင်

**RFA ။ ဖေဖော်ဝါရီ ၁ ။** ။ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်က လယ်သမားတွေကို ဒေသခံစစ်တပ်က အဓမ္မခိုင်းစေနေတာတွေနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့အခြေစိုက် ILO ကမာ့ အလုပ်သမားအဖွဲ့ချုပ်ကို ဒီကနေ့ ဖေဖော်ဝါရီ ၁ ရက်မှာ တိုင်ကြားလိုက်ပါတယ်။

မြန်မာ့တပ်မတော် ခမရ (၃၇၇) နဲ့ (၃၇၈) က ၁၉၉၇-၉၈ လောက်ကတည်းက မြောက်ဦးမြို့နယ်မြက်ရိတ်ကျွန်းကျေးရွာအုပ်စု မောင်သာကုန်းရွာတဝိုက်မှာ ဓားမဦးချလုပ်ကိုင်စားသောက်နေတဲ့ လယ် မြေ ဧက ၂၅၀ လောက်ကိုသိမ်းပြီး၊ အဲဒီလယ်သမားတွေကိုပဲ တဧက စပါး ၅ တင်းနှုန်းပေးမှ စိုက်ပျိုးခွင့်ရမယ်ဆိုပြီး သီးစားခနဲ့ ပြန်လုပ်ခိုင်းထားတာပါ။

အခု ၂၀၁၀-၂၀၁၁ ခုနှစ်မှာတော့ အရင်က ပေးနေရတဲ့ နှုန်းကနေထပ်တိုးပြီး တဧက တင်း ၅၀ ပေးမှ စိုက်ပျိုးခွင့်ရမယ်ဆိုတာကို စာချုပ်တွေ ချုပ်ဆိုပြီး ခိုင်းစေနေတဲ့အတွက် လယ်သမားတွေ မခံမရပ်နိုင်ဖြစ်ပြီး NLD ကို လာတိုင်ကြတာပါ။

ဒီအတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ညွှန်ကြားချက်အရ အဓမ္မစေခိုင်းမှုပပျောက်ရေး ဆောင်ရွက်နေတဲ့ ဦးသက်ဝေတို့က လိုက်လံဆောင်ရွက်ပေးခဲ့တယ်လို့ RFA ကို ပြောပါတယ်။

ဒီကနေ့ တင်ပြတဲ့ မြောက်ဦးမြို့နယ် အမှုကို ရန်ကုန် ILO ရုံးက လက်ခံထားလိုက်ပါတယ်။ ဒီအမှုမှာ သက်သေအထောက်အထား ခိုင်လုံ တယ်လို့ စုံစမ်းစစ်ဆေး တွေ့ရှိခဲ့မယ်ဆိုရင် ILO အဖွဲ့အနေနဲ့ သက်ဆိုင်ရာ အာဏာပိုင်တွေကို အကြောင်းကြားပြီး လယ်သမားတွေပြေလည်အောင် အရေးယူဆောင်ရွက်ပေးမဲ့အကြောင်း ပြောဆိုလိုက်တယ်လို့ သိရပါတယ်။

# ပြည်ထောင်စုနေ့အခမ်းအနား သတင်းသမားများ သတင်းယူခွင့်ရ

**DVB । ဖေဖော်ဝါရီ ၄ ။** ။ လာမယ့် ၁၂ ရက်နေ့မှာ ကျရောက်တဲ့ (၆၄) ကြိမ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်တွင်း၊ ပြည်ပသတင်းသမားတွေ တက်ရောက်သတင်းယူခွင့်ရရှိမယ်လို့ ပြန်ကြားရေးဝန်ကြီးဌာနက ပြောပါတယ်။

လွှတ်တော်အရပ်ရပ်ကနေ တင်မြှောက်လိုက်တဲ့ သမ္မတ၊ ဒုတိယသမ္မတတွေပါ တက်ရောက်မယ့် နေပြည်တော် မြို့တော်ခန်းမမှာ ၁၂ ရက်နေ့နက်ကျင်းပပြုလုပ်မယ့် ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်သတင်းယူဖို့ ပြည်တွင်းထုတ် သတင်းဂျာနယ်တွေက သတင်းထောက်တွေနဲ့ မြန်မာပြည်အခြေစိုက် နိုင်ငံခြားသတင်းထောက်တွေကို ဖိတ်ခေါ်ထားတာပါ။ ရန်ကုန်အခြေစိုက် နိုင်ငံခြားသတင်းထောက်တွေ အနေနဲ့ကတော့နိုင်ငံခြားသတင်းထောက်များအသင်းကနေသတင်းယူဖို့ ပြန်ကြားရေးဝန်ကြီးဌာနကို လျှောက်လွှာတွေ တင်သွင်းထားကြပြီးဖြစ်ပါတယ်။ ပြည်တွင်းထုတ် ဂျာနယ်တွေက အယ်ဒီတာတွေကို စာပေစိစစ်ရေး ညွှန်ကြားရေးမှူးဗိုလ်မှူး မျိုးမြင့်မောင်ကိုယ်တိုင် ဖိတ်ကြားနေတာဖြစ်ပြီး ဂျာနယ်တိုက် အတော်များများကတော့နေပြည်မှာရှိတဲ့ သတင်းထောက်တွေကို တက်ရောက်သတင်းယူဖို့ စေလွှတ်တာမျိုးတွေလည်းရှိနေပါတယ်။

သတင်းထောက်တွေအနေနဲ့ ပြည်ထောင်စုနေ့အခမ်းအနားမှာသမ္မတသစ်တွေအပါအဝင် လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရအဖွဲ့ဝင်တွေကိုတွေ့ဆုံခွင့်ရရှိနိုင်မှာဖြစ်တယ်လို့ ဦးကိုကို (စက်မှုတက္ကသိုလ်)က ဆိုပါတယ်။

"ကျနော်ထင်တာတော့ အစိုးရအဖွဲ့သစ်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဘာတွေနဲ့တွေ့ခွင့်ရနိုင်မယ်ထင်တယ်၊ အခု လွှတ်တော်ကိုယ်စားလှယ်တွေတက်ရမယ်လို့ကြားတယ်၊ ကျနော်တို့က အခု ၂ ခြမ်းဗျ၊ မနက်ပွဲနဲ့ ညစာစားပွဲပေါ့။ ညစာစားပွဲကော တက်ခွင့်ရမလားတော့ မသိဘူးခင်ဗျ၊ ညစာစားပွဲကတော့ အခု ကျနော်ကြားနေတာကတော့ ကျနော်တို့ကတော့ သတင်းသမားအနေနဲ့ပဲ တက်လို့ရမယ့် ပုံစံမျိုးတော့ရှိနိုင်တယ်။"

ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်သတင်းယူဖို့ ပြင်ဆင်နေတဲ့ နိုင်ငံခြားသတင်းထောက်တဦးကလည်း အခုလို ပြောပါတယ်။

"၁၁ သွားရမှာလေ၊ သူတို့ မနက်အစောကြီး ၇ နာရီမှာ လုပ်တာကိုး၊ အဲဒီပွဲအပြီးဆိုတော့ ၁၁ သွားမှမီတာကိုး၊ ညပွဲမရှိရင်တော့ နေ့ပွဲနဲ့တင်ပြန်လာ ရမှာပေါ့။ ပုံမှန် ညစာစားပွဲက အဲဒီမှာမှ လူကြီးတက်မှာလေ၊ တို့ကိုမနက်ပိုင်း အခမ်းအနားတင်ပဲ ဖိတ်တယ်ဆိုရင် ညစာစားပွဲကျမတက်ရပြန်ဘူး၊ ပြည်ထောင်စုနေ့အခမ်းအနားကတော့ ပြီးခဲ့တဲ့ နှစ်အထိကတော့ မြို့တော်ခန်းမဆိုတဲ့ နေရာမှာလုပ်တာ။"

ပြည်ထောင် စုနေ့အခမ်းအနားကို လွှတ်တော်တက်ရောက်နေတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ သမ္မတတွေလည်း တက်ရောက်ဖို့ရှိနေတယ်လို့ ကြံ့ခိုင် ရေးပါတီရဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဇော်မှာဦးခင်ရွှေက ဆိုပါတယ်။

"တက်ရောက်ခွင့်တော့ ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်အန်ကယ့်အနေနဲ့လေ၊ အဲဒီလိုပဲဖိတ်ပါလိမ့်မယ်အကုန်၊ ဘာဖြစ်လို့လဲဆို တော့ နိုင်ငံတော်သစ်၊ အစိုးရသစ်၊ နောက်တခါ ခုနတုန်းက ကျနော်တို့ ပြည်ထောင်စုနေ့လို နိုင်ငံတော်ပွဲကြီးမှာ သူတို့ ဖိတ်ပါလိမ့်မယ်။"

အန်ကယ်ခင်ဗျ။

"ဒီလွှတ်တော်ခေါ်ယူပြီးတော့ အစည်းအဝေးတွေကျင်းပပြုလုပ်နေတာတွေ၊ သမ္မတတွေရွေးချယ်တာတွေပေါ့နော်၊ အဲဒါတွေနဲ့ပတ်သက် ပြီးတော့ မီဒီယာတွေကို သတင်းယူခွင့်တွေ၊ လောလောဆယ် ကန့်သတ်ထားပေးတာတွေရှိနေတဲ့အတွက် သတင်းမီဒီယာလွတ်လပ်ခွင့် မရှိတဲ့အတွက်ကြောင့်မို့လို့ ဒီလွှတ်တော်တွေအပေါ်ကိုလည်း ဝေဖန်မှုတွေကရှိတော့ အဲဒီအပေါ်ကိုကော အန်ကယ်ဘာများ ပြောကြားလိုတာမျိုး ရှိဦးမလဲခင်ဗျာ။"

"အခုကတော့ အရေးကြီးတဲ့ကဏ္ဍတွေ ပြီးသွားပြီ၊ အဲဒါကလည်း တော်တော် fair (တရားမျှတမှု) ဖြစ်တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ တော်တော်ကျေကျေနပ်နပ်ဖြစ်ပါတယ်။ မီဒီယာတွေကိုလည်း သူ့ကဏ္ဍနဲ့ ဒီဗိုင်းဆွဲကတည်းကို၊ ပြည်သူ့လွှတ်တော်ဆောက်ကတည်းကိုက အထဲကို မီဒီယာတယောက်မှ ဝင်ခွင့်မပေးထားပါဘူး၊ ဟိုးအပေါ်မှာ သက်သက်ကိုရိုက်တဲ့ အနေနဲ့ အပေါ်ကနေ သီးခြားပေးထားတဲ့ အနေအထားမျိုး ဖြစ်ပါတယ်၊ အဲဒါကြောင့် အခုနတုန်းက အနီးကပ်က အချိန်တန်ရင်တော့ လူကြီးတွေသင့်တော်တဲ့အချိန်မှာတော့ သူတို့ ခွင့်ပြုပါလိမ့်မယ်။"

လက်ရှိအခြေအနေအရ မီဒီယာတွေမှာလွှတ်တော်နဲ့ပတ်သက်ပြီးစာပေစိစစ်ရေးရဲ့အကန့်အသတ်တွေကြားကပဲ ပုံနှိပ်ဖော်ပြခွင့်ရရှိနေတာ၊ သတင်းတွေကိုလည်း လွတ်လွတ်လပ်လပ်ရယူခွင့် မပေးတာတွေနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေ ရှိနေဆဲဖြစ်ပါတယ်။

---

# အကျဉ်းများလွှတ်ရန် ဂျပန်တိုက်တွန်း

**RFA । ဖေဖော်ဝါရီ ၁ ။** ။ **မြန်မာနိုင်ငံမှာ ဇန်နဝါရီ ၃၁ ရက် မနေ့ကစတင်ကျင်းပတဲ့ လွှတ်တော်တွေရဲ့ အခြေအနေအရပ်ရပ်ကို ဂျပန်အစိုးရက အနီးကပ်စောင့်ကြည့်နေသလို၊ ဒီလွှတ်တော်ကနေ ဘာတွေဆွေးနွေးမယ် ဘယ်လိုအုပ်ချုပ်မှုမျိုးပေါ်ပေါက်လာမယ်၊ ဘယ်လို နိုင်ငံရေးလမ်းကြောင်းမျိုးဖြစ်ပေါ်လာမလဲဆိုတာကိုပါ ဆက်ပြီး စောင့်ကြည့်သွားမှာဖြစ်တယ်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်တဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မြန်မာ့အရေး လှုပ်ရှားသူ ၂၀၀ ကျော် ၂၀၀၉ ဒီဇင်ဘာ ၁၀ ရက်၊ နိုင်ငံတကာ လူ့အခွင့်အရေးနေ့က ဆန္ဒပြတောင်းဆိုခဲ့ကြတာဖြစ်ပါတယ်၊

မြန်မာအစိုးရ လက်ရှိကျင်းပနေတဲ့ လွှတ်တော်နဲ့ပတ်သက်ပြီး ဂျပန်အစိုးရရဲ့ ရပ်တည်ချက် ဘယ်လိုရှိတယ်ဆိုတာကိုတော့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ရေးဌာနမှ မစ္စတာအရာအိ)– က မြန်မာနိုင်ငံမှာ မကြာခင်ဖွဲ့စည်းပေါ်ပေါက်လာတော့မဲ့အစိုးရသစ်အနေနဲ့ ဂျပန်အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ တောင်းဆိုချက်တွေကို အပြုသဘောတုံ့ပြန်လိုတယ်ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးဖို့လိုသလို အဓိကကျတဲ့နိုင်ငံရေးပါတီတွေနဲ့ထိရောက်တဲ့တွေ့ဆုံဆွေးနွေးရေးတွေလုပ်ဖို့ကို ဂျပန်အစိုးရက ထပ်မံတိုက်တွန်းကြောင်း RFA ကို ပြောပါတယ်။

ဒါ့အပြင်မြန်မာနိုင်ငံမှာလက်ရှိကျင်းပနေတဲ့လွှတ်တော်တွေမှာ ဒီမိုကရေစီရေးဆိုင်ရာ လွတ်လပ်မှုတွေနဲ့ တိုင်းရင်းသားရပိုင်ခွင့် ဆိုင်ရာ လှုပ်ရှားဆွေးနွေးခွင့်တွေကို မြင်လာရလိမ့်မယ်လို့ မိမိတို့မျှော်လင့်ကြောင်း ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ ဇန်နဝါရီ ၃၁ ရက် မနေ့က ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

# နအဖလွှတ်တော်မှ ဒုသမတသုံးဦးကို မဲနဲ့ ဆန်ကာတင် ရွေးချယ်ပြီးစီး

**VOA ၊ ဖေဖော်ဝါရီ ၃ ။** ။ နေပြည်တော်မှာ ကျင်းပနေတဲ့ လွှတ်တော်စည်းဝေးပွဲတွေကနေ ဒီကနေ့ ဒု-သမ္မတလောင်း ဆန်ကာတင် ၃ ယောက်ကို ရွေးချယ်လိုက်ကြပါပြီ။ ပြီးခဲ့တဲ့ အင်္ဂါနေ့တုန်းက ပမာဏ ရွေးချယ်လိုက်တဲ့ သမ္မတလောင်း ၅ ယောက်ထဲကနေ ဒီ ၃ ယောက်ကို ဆန်ကာတင် ရွေးချယ်လိုက်ကြတာဖြစ်ပါတယ်။ အပြည့်အစုံကို ဘန်ကောက်ရောက်နေတဲ့ ဝိုင်းတော်သား ကိုဇော်ဝင်းလှိုင်က တင်ပြ ပေးထားပါတယ်။

အခု ရွေးချယ်လိုက်တဲ့ သမ္မတလောင်း ၃ ဦးကတော့ စစ်အစိုးရအတွင်းရေးမှူး ၁ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဘက်က လက်ရှိဝန်ကြီးချုပ်တာဝန်ယူထားတဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်တို့အပြင် တိုင်းရင်းသားကိုယ်စားလှယ်ထဲကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက အမည်စာရင်းတင်သွင်းထားတဲ့ ရှမ်းတိုင်းရင်းသား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ စိုင်းမောက်ခန့်တို့ ဖြစ်ပါတယ်။

ဒီသမ္မတလောင်း ၃ ယောက်ဟာ လက်ရှိ စစ်အစိုးရ ထိပ်ပိုင်းမှာတာဝန်ထမ်းဆောင်နေကြတဲ့ ဗိုလ်ချုပ်ကြီးဟောင်း ၂ ယောက်အပြင် စစ်အစိုးရကကျောထောက်နောက်ခံပေးထားတဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီကနေ အမည်စာရင်း တင်သွင်းထားတဲ့ ကိုယ်စားလှယ်တွေပါ။

ပြည်သူ့လွှတ်တော်အတွက် အမည်စာရင်း ၂ ယောက်တင်သွင်းထားတဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ ဝန်ကြီးချုပ်ဦးသိန်းစိန်နဲ့ ဖလုံစဝေါ်ပါတီက ဦးစောသိန်းအောင်တို့ကို လွှတ်တော်အတွင်း မဲခွဲရွေးချယ်ကြတဲ့ အခြေအနေတွေကိုတော့ NDF အမျိုးသားဒီမိုကရေစီအင်အားစုက ဒုဥက္ကဋ္ဌလည်းဖြစ်၊ စမ်းချောင်းမြို့နယ်က ရွေးကောက်တင်မြှောက်ခံထားရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လည်း ဖြစ်တဲ့ ဦးစိုးဝင်းက ပြောပြပါတယ်။

"ကျနော်တို့ ပြည်သူ့လွှတ်တော်မှာတော့ ဦးသိန်းစိန် ဒု-သမ္မတအရွေးခံရပါတယ်။ ဦးသိန်းစိန်က ထောက်ခံမဲ ၂၇၆ မဲ ရပါတယ်။ ဦးစောသိန်းအောင်က ၃၈ မဲ ရပါတယ်။ ပယ်မဲက ၁၁ မဲပါ။"

NDF ပါတီက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းက ပြောပြခဲ့တာဖြစ်ပါတယ်။အမျိုးသားလွှတ်တော်အတွင်းသမ္မတလောင်း ရွေးချယ်တဲ့ အခြေအနေတွေကိုတော့ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်တွေကို ကိုယ်စားပြုပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီကနေ အမျိုးသားလွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ် ဇေကမ္ဘာဦးခင်ရွှေက ပြောပြပါတယ်။

"ကျနော်တို့ အမျိုးသားလွှတ်တော်က ကျနော်တို့ပါတီကဒေါက်တာ စိုင်းမောက်ခန့်ကို တင်ထားပါတယ်။ တခြား ပါတီက NDF ကနေပြီးတော့ ဒေါက်တာမြတ်ဉာဏစိုးနဲ့ ကျန်တဲ့အဖွဲ့တွေက ဒေါက်တာအေးမောင်ကို တင်ထားတယ်။ တင်ထားပြီး ဒီနေ့ မဲနဲ့ ရွေးကြတဲ့အချိန်မှာ ကျနော်တို့ပါတီက ဒေါက်တာစိုင်းမောက်ခန့်က မဲပေါင်း ၁၄၀ နဲ့ အနိုင်ရရှိသွားတယ်။ ပယ်မဲက တမဲဖြစ်ပြီး ဒေါက်တာအေးမောင်က ၂၇ မဲ ရပါတယ်။ အားလုံး ၁၆၈ ဦးလုံး မဲထည့်ပါတယ်။

"အဲဒါနဲ့ ကျနော်တို့ အမျိုးသားလွှတ်တော်ကနေပြီး ဒေါက်တာ စိုင်းမောက်ခန့်ကို ဒု-သမ္မတအနေနဲ့ တင်ပြီးဖြစ်တဲ့ အတွက်ကြောင့် မနက်ဖြန်မှာ ပြည်ထောင်စုလွှတ်တော်ကြီး ခေါ်ပါမယ်။ ခေါ်ပြီးရင်တော့ ကျနော်တို့ဆီက ဒေါက်တာစိုင်းမောက်ခန့်၊ ပြည်သူ့လွှတ်တော်ကဗိုလ်ချုပ်ကြီးသိန်းစိန်၊ နောက် တပ်မတော်ကတက်လာတဲ့ ဗိုလ်ချုပ်ကြီးတင်အောင်မြင့်ဦး၊အဲဒီ ၃ ဦးထဲက သမ္မတရွေးသွားမယ်၊ မနက်ဖြန်ကျရင်။"

တပ်မတော်ဘက်ကတော့ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကို တင်တယ်၊ သူတယောက်တည်း တင်တယ်ဆိုတော့ သူတို့ဘက်ကတော့ ပြိုင်ဘက်မရှိ သူပဲ သမ္မတ…၊

"အပြိုင်အဆိုင် မရှိဘူးပေ့ါဗျာ။"

ဆိုတော့ အဲဒီ ၃ ယောက်ကို မနက်ဖြန် မဲခွဲကြမယ်ပေ့ါ။ သမ္မတဘယ်သူဖြစ်သင့်တယ်ဆိုတာ။

"သမ္မတ ဘယ်သူ၊ ဒု-သမ္မတ ၂ ယောက် ခန့်ပါမယ်။"

အန်ကယ် ဘယ်သူရမယ် ထင်လဲ။

"ဗိုလ်ချုပ်ကြီး သိန်းစိန်ပဲ ရဖို့များပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိလည်း သူက နိုင်ငံတော်ရဲ့ ဝန်ကြီးချုပ် ဖြစ်တဲ့အပြင် နိုင်ငံတကာ အတွေ့အကြုံကလည်း အများဆုံးပုဂ္ဂိုလ်ဖြစ်နေပါတယ်။"

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဇေကမ္ဘာဦးခင်ရွှေပြောပြခဲ့တာ ဖြစ်ပါတယ်။

မနက်ဖြန်မနက် ၁၀ ရီမှာ ပြန်စမယ့် လွှတ်တော် ၂ ရပ်ပေါင်းရဲ့ ပြည်ထောင်စုလွှတ်တော်ကနေ ဒီကနေ့ ရွေးချယ်လိုက်တဲ့ သမ္မတလောင်း ၃ ယောက်ကို မဲခွဲဆုံးဖြတ်ပြီး မဲအများဆုံး ရတဲ့သူက နိုင်ငံတော်သမ္မတ၊ ဒုတိယအများဆုံးရတဲ့သူက ဒု-သမ္မတနဲ့ တတိယအများဆုံး ရတဲ့သူကတော့ ဒု-သမ္မတ ၂ ဖြစ်လာမှာပါ။

မဲခွဲပြီး ထွက်လာတဲ့အဖြေကို ချက်ချင်းကြေညာမယ်လို့လွှတ်တော်အမတ်တချို့က ပြောနေပေမဲ့ လက်တွေ့မှာ တကယ်ကြေညာခြင်း ရှိမရှိတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခုရွေးချယ်လိုက်တဲ့ သမ္မတလောင်း ၃ ယောက်စလုံးဟာ စစ်အစိုးရ ဗိုလ်ချုပ်ကြီးတွေနဲ့ စစ်အစိုးရက ကျောထောက်နောက်ခံပေးထားတဲ့ ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ်တွေ ဖြစ်နေတာကြောင့် လက်ရှိစစ်အစိုးရအတွင်းက သူတွေပဲ အသွင်ပြောင်းပြီး အုပ်ချုပ်ရေးအာဏာကို ယူကြဦးမှာဖြစ်တယ်လို့ အကဲခတ်တွေက သုံးသပ်ပြောဆိုနေကြတာပါ။

ဒါ့ကြောင့်လည်း ပါတီစုံဒီမိုကရေစီစနစ် ပုံစံပေါက်အောင် စစ်အစိုးရက နည်းအမျိုးမျိုးသုံးပြီး ကြိုးစားနေပေမဲ့လည်း လွှတ်တော် ၂ ရပ်စလုံးမှာ စစ်အစိုးရပါတီပဲ ကြီးစိုးထားသလို စစ်တပ်ကိုယ်စားလှယ် ၂၅% ကလည်း ရှိနေတဲ့အပြင် ကျန်အတိုက်အခံပါတီတွေအနေနဲ့ပြောရေးဆိုခွင့် လုံးဝမရှိအောင် ဘက်ပေါင်းစုံက ပိတ်ဆို့ တားဆီးထားတာကြောင့် ဒါဟာ တပါတီအာဏာရှင်စနစ်ပဲလို့ နိုင်ငံရေးအကဲခတ်တွေက ဝေဖန်ပြောဆိုနေကြပါတယ်။




# သတင်းဖြစ်ရပ်

**ဂျန်နဝါရီ ၃၁ I NAY PYITAW II II** နအဖ၏ လွှတ်တော် ယနေ့စတင်ဖွင့်လှစ်၏။ မြန်မာတွင် နှစ် ၅၀ တွင်းပထမဦးဆုံး လွှတ်တော်ဖြစ်၏။

**ဖေဖော်ဝါရီ ၁ I Irrawaddy II II** DKBA မှ နအဖ၏ အသက်လမ်းတခုဖြစ်သော တောင်သုံးတောင်စခန်း ခလရ ၃၅၆၊ ၃၅၇ အား တိုက်ခိုက်ခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၁ I BBC II II** ဘီဘီစီမေးဖြေခန်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် အီဂျစ်တွင် ဆန္ဒပြသူများအား တောင့်ထားရန် အားပေးစကားပြောကြောင်း။

**ဖေဖော်ဝါရီ ၁ I NayPyiTaw-Rtrs II II** ဗိုလ်ချုပ်သန်းရွှေသည် သမတလောင်းစာရင်းတွင် မပါကြောင်း လွှတ်တော်အမတ်များမှဆို၏။

**ဖေဖော်ဝါရီ ၁ I Irish Times II II** ပြည်သူမှ စိတ်ဝင်စားမှုစိုးစဉ်မျှမရှိသည့် နအဖ၏လွှတ်တော်သည် အတုအရောင် ဟန်ပြသာဖြစ်ကြောင်း ထင်ရှားစေ၏။

**ဖေဖော်ဝါရီ ၁ I NewsWire II II** ပုဂံမှ သာရာဘတံခါး ဟောတယ်သည် Epoque ဟော်တယ်အုပ်စုသို့ ဝင်ခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၂ I BP II II** ထိုင်းဖက် တပ်ခ်ဒေသ မိုကဲထိုင်းရွာမှ လူ ၁၀၀၀ ခန့် အား နယ်စပ်တိုက်ပွဲများကြောင့် လွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရ၏။

**ဖေဖော်ဝါရီ ၂ I Gulf News II II** ပြည်သူမှ ရွေးချယ်ခဲ့သည့်လွှတ်တော်သာဖြစ်ခဲ့လျှင် မြန်မာ၏ဖြစ်စဉ်အား ခေတ်ဦးရောင်ချည်ဦးဟု ခေါ်နိုင်သော်လည်း ယခုမှု ဤရွေးကောက်ပွဲသည် မလွတ်လပ်မမျှတ အတုအယောင် ရွေးကောက်ပွဲသာဖြစ်၏။

**ဖေဖော်ဝါရီ ၂ I The Hindu အာဘော် II II** ဒေါ်အောင်ဆန်းစုကြည်သာ နအဖ၏ဒီမိုကေရီလမ်းပြမြေပုံကို ပါဝင်ထောက်ခံခဲ့လျှင် နအဖ၏ လက်ရှိပါလီမန်ကို ကမ္ဘာမှလက်မခံရန်ခက်သွားနိုင်၏။ ဒေါ်အောင်ဆန်းစုကြည်သည် နအဖ၏ရွေးကောက်ပွဲတွင် အဲန်အဲလ်ဒီပါဝင်မယှဉ်ပြိုင်ခဲ့ခြင်းကိုမှားသည်ဟု မည်သူမျှ သံသယရှိစရာမလိုအောင်ရှင်း၏။

**ဖေဖော်ဝါရီ ၂ I DVB II II** ရွှေဝါရောင်တော်လှန်ရေးတွင် အဖမ်းခံရသူ မယ်သီလရင် ၄ ဦးလွှတ်လာသော်လည်း သီလရင်ပြန်မဝတ်ရန် တားမြစ်ခံရကြောင်း။

**ဖေဖော်ဝါရီ ၂ I Jerusalem Post II II** အီဂျစ်စတွင် လက်ရှိအစိုးရအား ဆန္ဒပြမှုများသည် တရုတ်၊ မြန်မာ၊ အီရန်၊ တူနီးရှားတို့တွင် ဖြစ်ခဲ့ဘူးသည်များနှင့် တူညီမှုရှိ၏။

**ဖေဖော်ဝါရီ ၂ I AAPP II II** မြန်မာပြည်တွင်းရှိ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီလှုပ်ရှားသော အဖွဲ့ ၁၂ ဖွဲ့တို့မှရေးသားသည့် ၂၂၀၀ ကျော်ရှိ နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ရန်တောင်းဆိုသည့် စုပေါင်းသတင်းထုတ်ပြန်ချက်ကို ကမ္ဘာသို့ဘာသာပြန်၍ ထုန်ပြန်ရန် အေအေပီပီမှ မြန်မာလှုပ်ရှားသူများသို့ မေတ္တာရပ်၏။

**ဖေဖော်ဝါရီ ၂ I RFA II II** ၂၀၁၀ တွင်အဖမ်းခံရသူ ကောင်းမြတ်လှိုင် (၂၂)အား အီလက်ထရောနစ်ဥပဒေပုဒ်မ ၃၃ ခ ဖြင့် တာမွေတရားရုံးမှ အမြင့်ဆုံးပေးနိုင်သည့် အလုပ်ကြမ်းနှင့် ထောင် ၁၀ နှစ်ပေးခဲ့၏။

**ဖေဖော်ဝါရီ ၂ I Irrawaddy II II** ရှမ်းပြည်တောင်ပိုင်းတွင် နအဖတပ်သည် လူမဲ့လေယဉ်ဟုထင်ရသော်ယဉ် တွေ့ရှိမှုကြောင့် နအဖသည် ရုရှားထံမှဝယ်သည့်မြေပြင်မှဝေဟင်ပစ် ၁၂၅ Neva/ Pechora ဒုံးကြည်များသုံးရန် ရည်ရွယ်ကြောင်း။

**ဖေဖော်ဝါရီ ၂ I Irrawaddy II II** နေပြည်တော်တွင် လွှတ်တော်အတွက် လှုပ်ရှားနေကြသော်လည်း နယ်စပ်တွင် ဒုက္ခသည်များသည် အသက်ကိုဖက်နှင့်ထုပ်ခါတော်ပြတ်ထွက်ပြေးပုန်းရှောင်နေရကြောင်း ကရင်အမျိုးသမီးအဖွဲ့ KWO မှ တာဝန်ရှိသူတဦးဆို၏။

**ဖေဖော်ဝါရီ ၃ I RGN II II** နအဖဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်သိန်းစိန်(ကြံ့ဖွံ့ထိပ်သီး)၊တင်အောင်မြင့်ဦး(ဗိုလ်ချုပ်) နှင့် စိုင်းမောက်ခမ်း(ရှမ်းပြည်နယ်ကိုယ်စားလှယ်)တို့အား ယနေ့ ဒုသမတကိုယ်စားလှယ်လောင်းများအဖြစ် ပါလီမံသစ်မှ ပထမအဆင့် ရွေးချယ်၏။

**ဖေဖော်ဝါရီ ၃ I Asian Tribune II II** နအဖကြိုတင်ဇာတ်တိုက်ထားသည့် ပြည့်သူ့လွှတ်တော် ပြောရေးဆိုခွင့်ရှိသူအဖြစ် ဦးရွှေမန်းအား၄င်း ဦးခင်အောင်မြင့်အား အထက်လွှတ်တော် ပြောရေးဆိုခွင့်ရသူအဖြစ်၄င်း ပါလီမံသစ်မှ ခန့်အပ်၏။

**ဖေဖော်ဝါရီ ၃ I Canadian Press-WTN II II** ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အား တရားဝင်ပါတီအဖြစ် အသိအမှတ်မပြုလက်မခံသေးခြင်း၊ နိုင်ငံရေး အကျဉ်းသားများအား မလွှတ်သေးခြင်း၊ စသည်တို့ကြောင့် မြန်မာအပေါ် ကုန်သွယ်ပိတ်ပင်မှုပိတ်ပင်ထားခြင်း များရုတ်သိမ်းရန် စောသေးသော်လည်းဆက်လက်ဆက်ဆံမည်ဟု အမေရိကန်အစိုးရမှ ဆို၏။

**ဖေဖော်ဝါရီ ၃ I BKK II II** ထိုင်းမှချုပ်ထားသော ရိုဟင်ဂျာဒုက္ခသည် ၁၆၀ ဦး ခန့်အား ကုလသမဂ္ဂဒုကသည်များဆိုင်ရာ အရာရှိမှတွေ့ဆုံခွင့်ပေးရန် ထိုင်းအား လူ့အခွင့်အရေးအဖွဲ့ HRW မှ တိုက်တွန်း၏။

**ဖေဖော်ဝါရီ ၃ I Washington Post II II** မြန်မာစစ်အုပ်ချုပ်ရေးအဖွဲ့သည် လက်ရှိအီဂျစ်လို လူထုအသေအပြောက်နည်းရန် မလုပ်ဘဲ ပြည်သူဘယ်နှစ်ဦးသေသေ မိမိအာဏာမြဲရင်ပြီးရော ဘယ်သူသေသေ ငတေမာရင်ပြီးရောသဘောကြောင့် မြန်မာနှင့်ဆက်ဆံရန်ပေါ်လစီရွေးရန်ခက်သော်လည်း အနောက်တိုင်းမှ လုပ်သင့်သော အကောင်းဆုံးမှာ နအဖထိပ်သီးနှင့်မိသားစုများ၏ ငွေများကို ပိတ်ဆို့ခြင်းဖြစ်၏။

**ဖေဖော်ဝါရီ ၃ I Irrawaddy II II** လာမည့်အပတ်တွင် ပြုလုပ်မည့် ဒုတိယအကြိမ်မြောက် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များတွေ့ဆုံဆွေးနွေးရေးသို့ မြန်မာနိုင်ငံအနှံ့မှ တိုင်းရင်းသားလူမျိုးစုံလူငယ် ၅၀၀ ခန့်တက်ရောက်မည်”။

**ဖေဖော်ဝါရီ ၃ I Mizzima II II** ဦးသိန်းညွန့် သဃ်းကျွန်းမှ အောက်လွှတ်တော်အမတ် သည် နိုင်ငံရေးအကျဉ်းကျအားလုံးအား လွှတ်ရန် ဥပဒေမူကြမ်းအတည်ဖြစ်ရေး အဆိုပြုမည်ဟုဆိုကြောင်း။

**ဖေဖော်ဝါရီ ၃ I RFA II II** ပူတာအိုတွင် နိုင်ငံရေးအကျဉ်းကျနေသူ ဒေါ်ထက်ထက်ဦးဝေ ထောင်ဝင်စာပိတ်ခံနေရ၏။

**ဖေဖော်ဝါရီ ၃ I RFA II II** ကရင်ပြည်နယ် ဖလူးကြီး၊ ဖလူးလေးဖက်တွင် တိုက်ပွဲများဖြစ်နေရာ နအဖတပ်မှ သုံးနေသည့် အကျဉ်းသားပေါ်တာ အနည်းငယ်ထိုင်းနယ်စပ်ဖက်သို့ထွက်ပြေးလာစဲဖြစ်ကြောင်း။

**စာမျက်နှာ ၁၅ သို့**

# စစ်တပ်ချုပ်ကိုင်တဲ့လွှတ်တော်ကြောင့်အပြောင်းအလဲအတွက် အခွင့်အလမ်းဆုံးရှုံး

**VOA ၊ ဖေဖော်ဝါရီ ၁ ။** ။ မြန်မာနိုင်ငံမှာ မနေ့ကစပြီး ခေါ်ယူကျင်းပခဲ့တဲ့ လွှတ်တော်တွေမှာ စစ်တပ်အရာရှိတွေနဲ့ စစ်အစိုးရရဲ့ USDP ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက လွှမ်းမိုးထားလိမ့်မယ်ဆိုတာကို မူလကတည်းက မျှော်လင့်ပြီးသားဖြစ်တယ်လို့ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဌာနက ပြောပါတယ်။

မနေ့က ကျင်းပတဲ့ လွှတ်တော်တွေမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ယဉ်ကျေးမှုဝန်ကြီး ဦးခင်အောင်မြင့်တို့ကို ရွေးချယ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၇ ရက် ပါလီမန် ရွေးကောက်ပွဲတွေဟာလွတ်လပ်မျှတမှုမရှိဘူးဆိုပြီးအမေရိကန်ပြည်ထောင်စုကထုတ်ပြန်ကြေညာပြီးသား ဖြစ်ပါတယ်။

"အခု လွှတ်တော်အခြေအနေနဲ့ပတ်သက်လို့ ဘာမှအံ့အား သင့်စရာမရှိပါဘူး။ အမေရိကန်ပြည်ထောင်စုအနေနဲ့ကတော့ အရင်ကပြောထားတဲ့အတိုင်း နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးပြီးအားလုံးပါဝင်နိုင်တဲ့၊ လမ်းဖွင့်ပေးထားတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တရပ်ကို မြင်ချင်ပါတယ်။" လို့ အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ ပီ.ဂျေ ခရော်လီ (P.J Crowley) က ပြောသွားပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်တုန်းက ဗဟိုတရားရုံးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို အသိအမှတ်ပြုဖို့ ငြင်းပယ်ခဲ့တာကိုလည်း စိတ်ပျက်မိတဲ့အကြောင်း ပြောပါတယ်။

တကယ်တော့ NLD နဲ့ တခြားဒီမိုကရက်တစ်ပါတီတွေ၊ တိုင်းရင်းသားပါတီတွေကို အသိအမှတ်ပြုတာဟာ မြန်မာအာဏာပိုင်တွေအတွက် အခွင့်အလမ်းတရပ်ဖြစ်တယ်လို့လည်း ပြောပါတယ်။ ဒါကြောင့် မြန်မာအာဏာပိုင်တွေဟာ နောက်ထပ် အခွင့်အရေးတရပ်ကို ဆုံးရှုံးနစ်နာခဲ့ရတယ်လို့ အမေရိကန် ပြည်ထောင်စု အနေနဲ့ မြင်တဲ့အကြောင်း ပြောသွားပါတယ်။

မနေ့က နေပြည်တော်မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်နဲ့တပြိုင်တည်းပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေကိုလည်း ခေါ်ယူကျင်းပပါတယ်။နောက်ဆုံးရရှိတဲ့သတင်းအရတိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာလည်း ကြံ့ခိုင်ရေးပါတီကိုယ်စားလှယ်တွေပဲလွှတ်တော်ဥက္ကဋ္ဌအဖြစ်အရွေးခံရပါတယ်။

သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် အရွေးခံရတာကြောင့် ဦးရွှေမန်း နိုင်ငံတော်သမ္မတဖြစ်လာမယ်ဆိုတဲ့ မျှော်လင့်ခန့်မှန်းမှုတွေကုန်ဆုံးသွားပြီးလက်ရှိဝန်ကြီးချုပ်ဦးသိန်းစိန်သမ္မတဖြစ်လာနိုင်တယ်ဆိုတဲ့ခန့်မှန်းမှုတွေ ပိုထွက်လာပါတယ်။ ဒီနေ့မှာတော့ ဒုတိယသမ္မတ ၃ ဦး ရွေးချယ်မှု စတင်မယ်လို့ မျှော်လင့်ရပါတယ်။

အတိုက်အခံ လှုပ်ရှားသူတွေက ဒီလွှတ်တော်ကနေ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေ ရရှိလာနိုင်လိမ့်မယ်လို့ မယူဆကြပါဘူး။

# မနိုင်လည်း ပြည်ထောင်စုထဲမှာ တိုင်းရင်းသားတွေရှိနေတယ်ဆိုတာ ပြချင်တယ်

**DVB ၊ ဖေဖော်ဝါရီ ၁ ။** ။ မြန်မာနိုင်ငံရဲ့ ဒုသမ္မတလောင်းထဲမှာ တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ၂ ဦး ရွေးချယ်တင်မြှောက်ခံရတဲ့အပေါ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ သဘောထားကို တင်ပြပေးလိုပါတယ်။ တိုင်းရင်းသားကိုယ်စားလှယ်တွေဘက်က ကရင်တိုင်းရင်းသား ဦးစောသိန်းအောင်နဲ့ ရခိုင်တိုင်းရင်းသား ဒေါက်တာအေးမောင်ကို အဆိုတင်သွင်းခဲ့ပါတယ်။

တပ်မတော်ကိုယ်စားလှယ်နဲ့ အစိုးရ ကျောထောက်နောက်ခံ ကြံ့ခိုင်ရေးပါတီကိုယ်စားလှယ်တွေနဲ့ ပြိုင်ပြီး မဲခွဲရွေးချယ်ဆုံးဖြတ်တဲ့အတွက် သူတို့နဲ့မယှဉ်သာပေမယ့် ဒါဟာ ပြည်ထောင်စုနိုင်ငံမှာ တိုင်းရင်းသားတွေရှိတယ်ဆိုတာ သတိရစေဖို့ ပြတဲ့သဘောပါပဲလို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ် (ကျားဖြူပါတီ) မှ ပြောခွင့်ရပုဂ္ဂိုလ် ကျောက်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းဆောင်ဆီက အခုလို ပြောပါတယ်။

"ဖလုံစဝေါ်ဆိုရင် အန်ကယ်တို့အဆိုတင်သွင်းပြီး ထောက်ခံတဲ့ ပါတီပဲလေ။ အန်ကယ်တို့အမြင်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးမှာ တိုင်းရင်းသားတွေ လူမျိုးပေါင်းစုံနဲ့နိုင်ငံရေးအခွင့်အရေးဆိုတာ အကုန်သက်ဆိုင်တယ်ဆိုတဲ့ အဲဒီသဘောမျိုးရှိပါတယ်။ ကိုယ်တင်တဲ့ပုဂ္ဂိုလ်ဟာ နိုင်တယ် မနိုင်ဘူးဆိုတာကတော့ ဒီမိုကရေစီဆန်ဆန် မဲနဲ့ဆုံးဖြတ်တဲ့အတွက် နိုင်ချင်မှလည်း နိုင်မှာပါ။ ဒါပေမယ့် ပြည်ထောင်စုတိုင်းရင်းသား တွေကိုမမေ့ဘူးဆိုတဲ့ အသိပေးချင်တဲ့သဘောပါပဲ။"

ဒုသမ္မတ လောင်းရွေးချယ်မှုမှာ ပြည်သူ့လွှတ်တော်မှာ ကြံ့ခိုင်ရေးပါတီမှ ဗိုလ်ချုပ်ဟောင်းဦးသိန်းစိန်၊ ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီမှ ဦးစောသိန်းအောင်တို့ထဲက ၁ ဦးကိုရွေးချယ်ပြီး၊ အမျိုးသားလွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာစိုင်းမော(ဝ်)ခမ်းနဲ့ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်တို့ထဲက ၁ ဦးကိုရွေးချယ်မှာဖြစ်ပါတယ်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ သီဟသူရတင်အောင်မြင့်ဦးကို ရွေးချယ်တယ်လို့ပြောပေမယ့် အတိအကျမသိရသေးဘူးလို့ စိုင်းဆောင်ဆီက ပြောပါတယ်။ ဒါပေမယ့်တချို့ကတော့ ဦးသိန်းစိန်၊ ဒေါက်တာစိုင်းမော(ဝ်)ခမ်းနဲ့ သီဟသူရတင် အောင်မြင့်ဦးတို့ကို ရွေးချယ်လိုက်ပြီလို့ ခန့်မှန်းနေပါတယ်။ ဒီအထဲမှာ အရပ်သားကိုယ်စားလှယ်တွေထဲကမဟုတ်ပေမယ့် ကြံ့ခိုင်ရေးပါတီမှ ရှမ်းတိုင်းရင်းသားတဦးဖြစ်နေတဲ့ ဒေါက်တာစိုင်းမော(ဝ်)ခမ်းကို ရွေးချယ်မယ်ဆိုရင်ရောတိုင်းရင်းသားတွေအတွက် မျှော်လင့်ချက်ရှိမလားဆိုတာနဲ့ပတ်သက်လို့ စိုင်းဆောင်ဆီက အခုလို ပြောပါတယ်။

"ဒါကတော့ ရှမ်းဖြစ်တဲ့အတွက် အန်ကယ်တို့ကူညီတာပေါ့။ ကူညီပေမယ့်လည်း လူထုအကျိုးပြုဖို့ လူထုစောင့်ရှောက်ဖို့ကတော့ စိုင်းမော(ဝ်)ခမ်းရဲ့ သဘောသဘာဝရယ်၊ သူ့ရဲ့စိတ်ထားရယ်၊ အနာဂတ်မှာသူ့ရဲ့လုပ်ဆောင်ချက်ကို တိုင်းပြည်အတွက် အန်ကယ်တို့ဆုံးဖြတ်ရမှာပဲ။ အခုတော့ စောသေးတယ်၊ ဝေဖန်ဖို့က။"

ဒေါက်တာ စိုင်းမော(ဝ်)ခမ်းဟာ မူဆယ်ဇာတိဖြစ်ပြီး၊ ရှမ်းလို ယူလီခကျန်းမာပါစေဆေးခန်းကို ဖွင့်လှစ်ထားပြီး လားရှိုးမြို့နယ် ရှမ်းစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ဖူးသူဖြစ်ပါတယ်။

# သတင်းတိုထွာဖတ်စရာ



## ရွှေတွေတင်းကျပ်ခံရပြီ

မြန်မာစစ်အာဏာပိုင်တွေက နိုင်ငံခြားသို့သွားမယ့် မြန်မာနိုင်ငံသားတွေဟာ ကိုယ်ပေါ်မှာဝတ်ဆင်တဲ့ရွှေတွေဟာ တကျပ်သားထက်ကျော်လို့မရဘူးလို့ ကန့်သတ်လိုက်ပါတယ်။ ရန်ကုန်နဲ့မန္တလေးလေဆိပ်တွေမှာ အကောက်ခွန်ဌာနက စိစစ် လျက်ရှိပြီး ရွှေလက်စွပ်မှာ ကျောက်နဲ့ကျောက်စိမ်းတွေလည်းမပါရဘူးလို့ဆိုပါတယ်။ တကျပ်သားထက်ကျော်တဲ့ ရွှေကို ဝတ်ဆင်ထားတဲ့ခရီးသည်ကို လေယာဉ်ပေါ်အတက်မခံတဲ့အပြင် အရေးယူမယ်လို့လည်း ဆိုပါတယ်။ (BERNAMA, 3.2.29011)

## ဒဏ်ခတ်ပိတ်ဆို့မှုမလျှော့ပါ

မြန်မာနိုင်ငံအပေါ် အရေးယူထားတဲ့ဒဏ်ခတ်ပိတ်ဆို့မှုတွေ ကိုလျှော့ပေါ့ဖယ်ရှားဖို့ တောင်းဆိုသံတွေ အခုတလော ပြည်တွင်း ပြည်ပမှာထွက်နေတော့ အမေရိကန်က မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုလျှော့ပေါ့ပေးဖို့ဆိုတာ စောလွန်းပါသေးတယ်လို့လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကဲမ်ဘဲလ်က ပြောပါတယ်။ အစိုးရသစ်က မူဝါဒသစ်နဲ့ တွေ့ဆုံဆွေးနွေးရေးအတွက် ခိုင်မာတဲ့ခြေလှမ်းတွေပိုပြီး လှမ်းဖို့လိုပါတယ်လို့ ဆိုပါတယ်။ (AFP, 2.2.2011)

## ကြံ့ဖွံ့တွေအုပ်ချုပ်ပြီ

ကျင်းပဆဲကြပ်ပြေးလွှတ်တော်က သမတအဖြစ် ဦးသိန်းစိန်၊ ဒုတိယသမတတွေအဖြစ် ဒေါက်တာစိုင်းမောက်ခမ်းနဲ့ သီဟသူရတင်အောင်မြင့်ဦးတို့ကို ရွေးချယ်လိုက်ပါတယ်။ သူတို့ ၃ ယောက်စလုံးဟာ ကြံ့ဖွံ့တွေချည်းပဲဖြစ်ပါတယ်။ ဗိုလ်ချုပ်သန်းရွှေကတော့နောက်ကွယ်ကနေ ဆက်လက်ကြိုးကိုင်လိမ့်မယ်လို့ အကဲခတ်တွေကတွက်ဆကြပါတယ်။ (ASIAN CORRESPONDENCE, 2.2.2011)

## တောင်တွင်းကြီးကာလဝမ်း

မကွေးတိုင်းတောင်တွင်းကြီးမြို့မှာ လွန်ခဲ့တဲ့လက ကာလဝမ်းရောဂါဖြစ်ပွားခဲ့တယ်လို့သိရပါတယ်။ သန့်ရှင်းမှုမရှိတဲ့ အစားအစာကြောင့် အခုလိုဖြစ်ရတာလို့ကျန်းမာရေးဆိုင်ရာအရာရှိတွေကဆို ပြီး ထိန်းချုပ်နိုင်ခဲ့တယ်လို့လည်း ပြောပါ တယ်။ လူ ၁၆ ဦးဆေးရုံတင်ခဲ့ရပြီးအသေအပျောက်မရှိဘူးလို့သိရပါတယ်။ (XINH UA,3.2.2011)

## ဂီရိအကြွေး

ဂီရိမုန်တိုင်းတိုက်ခတ်ခဲ့တာ ၃ လကြာခဲ့ပြီးတဲ့နောက် အခု ထက်ထိ လူတသိန်းလောက်ဟာ နေစရာမဲ့ဖြစ်နေတုန်းလို့ သိရပါတယ်။ မုန်တိုင်းဘေးသင့်ခဲ့ရတဲ့သူတွေကို ကူညီထောက်ပံ့မှုတွေဟာ လုံလောက်မှုမရှိတဲ့အတွက် ဘဝပြန်လည် ထူထောင်ရေးအတွက်လိုအပ်တဲ့ငွေကြေးကို ချေးယူခဲ့ရလို့ အကြွေးတင်ရတဲ့သူတွေဟာ ၆၈% ရှိတယ်လို့ဆိုပါတယ်။ ဒါကြောင့် ကုလသမဂ္ဂက ထောက်ပံ့မှုတွေပိုလိုတယ်လို့ ပြောပါတယ်။ (ALERTNET, 2.2.2011)

## သတင်းလက်ဝါးကြီးအုပ်ခံရခြင်း

ကြပ်ပြေးတွင် လွှတ်တော်စတင်ကျင်းပတဲ့နေ့မှာ သတင်းကိုရယူဖို့အတွက် ပြည်တွင်းစာနယ်ဇင်းသမားတွေဟာ ကြပ်ပြေးကိုသွားခဲ့ကြပေမဲ့လည်း အထက်အမိန့်မရလို့ ဝင်ခွင့်မပြုနိုင်သေးဘူးဆိုတဲ့ လုံခြုံရေးတာဝန်ယူတဲ့သူတွေရဲ့ဖြေကြားချက်ကိုပဲ ရခဲ့ပါတယ်။နအဖစစ်အုပ်စုဟာ ပြည်တွင်းသတင်းသမားတွေကို ဝင်ခွင့်မပြုပဲ သူတို့ရဲ့သတင်းသမားတွေကိုပဲဝင်ခွင့်ပြုတာဟာ စီစဉ်ထားတဲ့အတိုင်းမဖြစ်မှာကို စိုးရိမ်တဲ့စိတ်တွေရှိနေတယ်ဆိုတာ ဖော်ပြနေပါတယ်။ (VOB, 1.2.2011)

## ဓားပြတို့ကျောကိုချလိုက်ပြီ

နအဖတို့ရဲ့အထက်လွှတ်တော်(အမျိုးသားလွှတ်တော်)ဥက္ကဌပြန်ကြားရေးဝန်ကြီး ဦးအောင်ခင်မြင့်က လွှတ်တော်တွင်းမှာ ဆွေးနွေးမှုတွေကို အချိန်အကြာကြီးမလုပ်ဖို့၊ တညီတညွတ်တည်းဆွေးနွေးဖို့၊ဆန့်ကျင်တဲ့ဘက်ကနေမဆွေးနွေးဖို့ပြောဆိုခဲ့ပါတယ်။လွှတ်တော်ဆိုတာဟာ နိုင်ငံ့နဲ့သက်ဆိုင်ရာအကြောင်းအရာတွေကို နိုင်ငံသားတွေအကျိုးအတွက် အကျေအလည် အခြေအတင်ဆွေးနွေးရတဲ့နေရာဖြစ်ပါတယ်။ လွှတ်တော်တွင်းဆွေးနွေးခွင့်ရမယ်လို့မျှော်မှန်းပြီး ရွေးကောက်ပွဲဝင်ခဲ့တဲ့သူတွေ ဘယ်လိုလုပ်ကြမလဲဆိုတာစောင့်ကြည့်ရမှာပါ။ (VOB, 1.2.2011)

## ဒေါ်စုနှင့်လူငယ်များ

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ လူမှုရေးနဲ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းတွေကိုလုပ်နေတဲ့နိုင်ငံအနှံ့က လူငယ် ၅၀၀ ကျော်နဲ့တွေ့ဖို့လုပ်ဆောင်နေတယ်လို့သိရပါတယ်။လူငယ်တွေကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံနိုင်ဖို့စိတ်အားထက်သန်နေပါတယ်။ လာမယ့်သီတင်းပတ်ထဲ မှာ တွေ့ဆုံမှုတွေပြုလုပ်ကြမှာပါ။ ဒေါ်အောင်ဆန်းစုကြည်ကတော့အဲန်အဲလ်ဒီရဲ့ကွန်ယက်တွေကိုတဖြည်းဖြည်းချင်းဖြန့်ကျက်တည်ဆောက်နေပါတယ်။ (IRRAWADDY, 3.2.2011)

# လွှတ်တော် ဒုတိယနေ့ ဒုသမတလောင်း ၅ ယောက် တင်သွင်း ရွေးချယ်

**VOA । ဖေဖော်ဝါရီ ၁ ။** ။ ဒီနေ့ လွှတ်တော်စည်းဝေးပွဲတွေမှာ ဗိုလ်ချုပ်ကြီးဟောင်း ၂ ယောက်နဲ့အတူ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဝင်တချို့ကို ဒုတိယသမ္မတလောင်းတွေအဖြစ် ရွေးချယ်လျာထားလိုက်ပါတယ်။ စုစုပေါင်း ဒုတိယသမ္မတလောင်း နာမည်စာရင်း ၅ ယောက်တင်သွင်းခဲ့ရာမှာ တပ်မတော်သား ကိုယ်စားလှယ်တွေဘက်က စစ်အစိုးရအတွင်းရေးမှူး ၁ သီဟသူရ တင်အောင်မြင့်ဦးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဘက်က လက်ရှိဝန်ကြီးချုပ်တာဝန်ယူထားတဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်တို့အပြင် တိုင်းရင်းသားကိုယ်စားလှယ်တွေတချို့နာမည်တွေကိုပါ အဆိုပြုတင်သွင်းခဲ့ကြတာဖြစ်ပါတယ်။ ဒီနေ့ တင်သွင်းတဲ့ နာမည်စာရင်းအပြည့်အစုံကို ဘန်ကောက်ရောက်နေတဲ့ဝိုင်းတော်သားကိုဇော်ဝင်းလှိုင်က တင်ပြပေးထားပါတယ်။

ဆယ်စုနှစ် ၃ ခုအတွင်း ပထမဆုံးအကြိမ်ကျင်းပတဲ့ ပြည်သူ့လွှတ်တော်နဲ့အမျိုးသားလွှတ်တော်တွေရဲ့ ဒုတိယနေ့စည်းဝေးပွဲတွေကို ဒီကနေ့မနက် ၁၀ နာရီမှာ စတင်ကျင်းပခဲ့ကြတာပါ။ ဒီကနေ့လွှတ်တော်စည်းဝေးပွဲတွေကိုတော့သူ့လွှတ်တော်နဲ့သူသီးခြားစီခွဲကျင်းပခဲ့ကြတာဖြစ်ပြီး လွှတ်တော်တခုချင်းစီက ဒုသမ္မတ လောင်း ၂ ယောက်စီကို တင်သွင်းခဲ့ကြတာပါ။ အမည်စာရင်းတင်သွင်းခံရသူတွေထဲကအများစုဟာ စစ်တပ်နဲ့စစ်အစိုးရက ကျောထောက်နောက်ခံပေးထားတဲ့ပါတီ က ကိုယ်စားလှယ်တွေပဲ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ဒု-သမ္မတ အမည်စာရင်းတွေ တင်သွင်းတဲ့ အခြေအနေကိုတော့ NDF အမျိုးသားဒီမိုကရေစီ အင်အားစုက ဒု-ဥက္ကဋ္ဌလည်းဖြစ်၊ စမ်းချောင်းမြို့နယ်ကနေ ရွေးကောက် တင်မြှောက်ခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်တဲ့ ဦးစိုးဝင်းက ပြောပြပါတယ်။

"ပြည်သူ့လွှတ်တော် ဒု-သမ္မတနာမည် တင်တာပေါ့ဗျာ၊ အဆိုတင်တာပေါ့။ ဦးစောသိန်းမောင်နဲ့ ဦးသိန်းစိန်၊ ကျန်တဲ့ဟာ စိစစ်ရေးကော်မတီ ရွေးတယ်ပေါ့ဗျာ။ သမ္မတအရည်အချင်း စိစစ်ရေးကော်မတီပေါ့၊ ဒု-သမ္မတ စိစစ်ရေးကော်မတီက ပြည်သူ့လွှတ်တော်အနေနဲ့ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဦးသောင်း အရွေးခံရတယ်။"

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းပြောပြခဲ့တာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ ဒု-သမ္မတ အမည်စာရင်းတင်သွင်းခဲ့ကြတဲ့ အခြေအနေတွေကိုတော့ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တွေကို ကိုယ်စားပြုပြီး အမျိုးသားလွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ်ဇေကျော်မှာဦးခင်ရွှေက ပြောပြပါတယ်။

"ကျနော်တို့ ဒေါက်တာစိုင်းမော်ခန်းကို တင်လိုက်တယ်၊ လားရှိုးက။ ဗဟိုကနေပြီးတော့ NDF က ဒေါက်တာမြတ်ဉာဏစိုးက ဒေါက်တာအေးမောင်ကိုတင်လိုက်တယ်၊ ရခိုင်ပါတီက။ တက်သွားပြီးတဲ့ အချိန်မှာ သူတို့ရဲ့အရည်အချင်း ပြည့်မပြည့်ဆိုတာကို နိုင်ငံတော်က မနက်ဖြန်တရက်စိစစ်ပါမယ်။ ဒု-သမ္မတအရည်အချင်း ပြည့်ပြီဆိုရင် သန်ဘက်ခါမှာ အန်ကယ်တို့ မဲနဲ့ရွေးကြမှာပေါ့။ အမျိုးသားက တယောက်၊ ပြည်သူ့လွှတ်တော်က တယောက်၊ တပ်မတော်က တယောက်၊ ၃ ယောက်ပေါင်းမှာမှ သမ္မတ တယောက်ပြန်ရွေးပါမယ်။ ပြည်သူ့လွှတ်တော်က။"

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဇေကျော်မှာဦးခင်ရွှေ ပြောပြခဲ့တာဖြစ်ပါတယ်။ ဒီကနေ့ ဒု-သမ္မတအဖြစ် ရွေးချယ်ကြတဲ့အထဲ ရှမ်း၊ ကရင်နဲ့ ရခိုင်ပြည်နယ်တွေက တိုင်းရင်းသားကိုယ်စားလှယ် ၃ ယောက်ပါ ရွေးချယ်ခံကြရပြီး ကိုယ်စားလှယ်တွေကို ဒီမိုကရေစီအတိုက်အခံအင်အားစုတွေနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီတို့က ရွေးချယ်ခဲ့ကြတာပါ။

နိုင်ငံတော်ဒု-သမ္မတကိုတိုင်းရင်းသားကိုယ်စားလှယ်တွေထဲက ခန့်အပ်သင့်တယ်လို့ တိုင်းရင်းသားပါတီတွေအပါအဝင် ရွေးကောက်ပွဲမှာအနိုင်ရခဲ့ကြတဲ့နိုင်ငံရေးပါတီ တော်တော်များများကတောင်းဆိုထားတဲ့အတွက် အခုလို တိုင်းရင်းသားကိုယ်စားလှယ်တွေ ပါလာတာလားဆိုတာတော့ အတိအကျ ပြောရခက်ပါတယ်။

ဒု-သမ္မတလောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံရတဲ့ ဒေါက်တာ အေးမောင်ကတော့ သူ့ကိုတိုင်းရင်းသားပါတီတွေနဲ့ NDF အမျိုးသားဒီမိုကရေစီအင်အားစုတို့က တညီတညွတ်တည်း ရွေးချယ်ခဲ့ကြတာလို့ ဆိုပါတယ်။

"ကျနော့်ကို တိုင်းရင်းသားတွေက အဆိုပြုကြတာပါ။ တိုင်းရင်းသားပါတီတွေက၊ ရှမ်းပါတီ၊ မွန်ပါတီ၊ ကရင်၊ ချင်း တိုင်းရင်းသားတွေကလည်း လက်မှတ်ထိုးကြတာဖြစ်ပါတယ်။ နောက် NDF က ဒေါက်တာမြတ်ဉာဏစိုးက အဆိုပြုကြတာပါ။ အဲဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်လို့ ကျနော် ဘယ်လိုမှ Comment မပေးချင်သေးပါဘူး။ သမ္မတတယောက်ရဲ့ အရည်အသွေးနဲ့ ပတ်သက်လို့ စိစစ်မှာပါ။ စိစစ်ရေးအဖွဲ့မနက်ဖြန် စိစစ်ပါလိမ့်မယ်။ မနက်ဖြန် အားကြပါတယ်၊ အကုန်လုံး။"

ဒု-သမ္မတလောင်းအဖြစ် ရွေးချယ်ခံထားရတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် ပြောပြခဲ့တာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရလွှတ်တော်တရပ်စီကနေ ဒု-သမ္မတလောင်း တယောက်စီနဲ့စစ်တပ်ကိုယ်စားလှယ်တွေက ရွေးချယ်တဲ့ ဒု-သမ္မတလောင်းတယောက်၊ ပေါင်း ၃ ယောက်ကို ရွေးချယ်ရမှာဖြစ်ပါတယ်။

တကယ်လို့ ကိုယ်စားလှယ်တဦးထက်ပိုနေရင် လွှတ်တော်အတွင်းမှာ ဒု-သမ္မတရွေးချယ်ရေးကော်မတီဖွဲ့စည်းပြီး ဆန်ကာတင် ၃ ယောက်ကို ပြန်ရွေးရမယ်လို့ ဖွဲ့စည်းပုံမှာဖော်ပြထားတာကြောင့် ဒီကနေ့မှာပဲရွေးချယ်ရေးကော်မတီတွေကို ဖွဲ့စည်းလိုက်တဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်တွေကပြောပါတယ်။ စစ်တပ်ကတော့သူတို့ကိုယ်စားလှယ်အဖြစ် သီဟသူရတင်အောင်မြင့်ဦးကိုသာ ရွေးချယ်ခဲ့တဲ့အတွက် သူတို့ဘက်က ပြိုင်ဘက်မရှိ တဦးတည်း ထွက်လာခဲ့တာပါ။

ပြည်သူ့လွှတ်တော် ရွေးချယ်ရေးကော်မတီအတွက် သိပ္ပံနဲ့နည်းပညာဝန်ကြီး ဦးသောင်းနဲ့ အမျိုးသားလွှတ်တော် အတွက်ကတော့ မန္တလေးတိုင်းက ဦးမျိုးမြင့်ကို ရွေးချယ်လိုက်တယ်လို့ သိရပါတယ်။

အခုတင်သွင်းထားတဲ့ ကိုယ်စားလှယ် ၅ ယောက်ထဲကနေ ဆန်ကာတင် ၃ ယောက်ကို ဒီရွေးချယ်ရေးကော်မတီက မနက်ဖြန်

**စာမျက်နှာ ၁၃ သို့**

# နိုင်ငံရေးတက်ကြွလှုပ်ရှားသူ လူငယ်တွေ ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်ခံရ

**RFA ၊ ဖေဖော်ဝါရီ ၂ ။** ။ ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်က နိုင်ငံရေးတက်ကြွလှုပ်ရှားသူ လူငယ်တဦးကို အရှေ့ပိုင်းခရိုင် တာမွေတာရားရုံးကနေ ဒီကနေ့ ဖေဖော်ဝါရီ ၂ ရက်မှာ အီလက်ထရွန်းနစ် ပုဒ်မ ၃၃ ခနဲ့ အမြင့်ဆုံး အပြစ်ဒဏ်ဖြစ်တဲ့ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၁၀ ပြစ်ဒဏ်ချမှတ်လိုက်တယ်လို့ သိရပါတယ်။

တောင်ဒဂုံမြို့နယ် ၅၇ ရပ်ကွက်မှာ နေထိုင်တဲ့ အဖဦးအေးသောင်း အမိဒေါ်သန်းသန်းဝင်းတို့ရဲ့သားငယ် အသက် ၂၂ နှစ်အရွယ် မောင်ကောင်းမြတ်လှိုင်ဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ် ဧပြီလ ၂၅ ရက်နေ့မှာ အာဏာပိုင်တွေရဲ့ ဖမ်းဆီးထိန်းသိမ်းတာ ခံခဲ့ရပါတယ်.

မနေ့က ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရတာနဲ့ ပတ်သက်ပြီးဖခင်ဖြစ်သူဦးအေးသောင်းက RFA ကို ခုလို ပြောပြပါတယ်။

"ဒီစာရွက်စာတမ်းတွေကိုပေါ့အမှုတင်သွင်းတဲ့သူတွေကတင်ပြတာတွေက မှန်ကန်တယ်ဆိုတဲ့အကြောင်းကိုပေါ့နော်။ ဒီ နိုင်ငံခြားကလူတွေနဲ့ဆက်သွယ်ပြီးတော့ ဓာတ်ပုံတွေ ဘာတွေ ပေးပို့တယ်ပေါ့။ ဒီကနေပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေး အကျဉ်းသားတွေလွှတ်ပေး စာရွက်တွေကို ဓာတ်ပုံရိုက်ပြီး ပို့တယ်ပေါ့နော်။ အဲဒီဟာကို အီလက်ထရွန်းနစ် ပုဒ်မနဲ့ချလိုက်တာပဲ။ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၁၀ နှစ်တဲ့ ချလိုက်တယ်လေ။ အရင် ဟိုဟာ ရှိသေးတယ်လေ ၅၀၅ ခ က ၂ နှစ်လေ။ အကုန်လုံး ၁၂ နှစ်ပေါ့။ ဒီလောက်အများကြီးကတော့ မဖြစ်သင့်ဘူးလို့ထင်တယ်လေ။ လူငယ်လည်း လူငယ်၊ အခုမှ အသက်က ၂၂ နှစ်ပဲ ရှိသေးတာကိုး။"

ကောင်းမြတ်လှိုင်ကို ပုဒ်မ ၅၀၅ ခနဲ့ ပုဒ်မ ၃၃ ခ ဆိုပြီး ပုဒ်မနှစ်ခုနဲ့ အမှုနှစ်ခုခွဲ တရားစွဲဆိုခဲ့တာဖြစ်သလို ပုဒ်မ ၅၀၅ ခ ကိုတော့ တောင်ဒဂုံမြို့နယ် တရားရုံးမှာ စစ်ဆေးကာ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၁၆ ရက်နေ့က ၂ နှစ် ချမှတ်ခဲ့ပြီး ပုဒ်မ ၃၃ ခ ကိုတော့ ဒီကနေ့ အရှေ့ပိုင်းခရိုင်တရားရုံးဖြစ်တဲ့ တာမွေတရားရုံးမှာ စစ်ဆေးကာ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့တာ ဖြစ်တယ်လို့ ဖခင်ဖြစ်သူကပြောပါတယ်။

အခုလို ပုဒ်မတွေ မတရားတပ်ပြီး တရားစွဲဆိုခံခဲ့ရတာကလည်း ကောင်းမြတ်လှိုင်ဟာကြံ့ခိုင်ဖွံ့ဖြိုးရေးဆိုင်းဘုတ်တွေနဲ့စစ်ကားတွေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ အမြန်လွှတ်ပေးဆိုတဲ့ စာရွက်တွေ ကပ်ခဲ့မှုနဲ့ ဒီစာရွက်တွေကို မလေးရှား၊ ထိုင်း၊ စင်ကာပူစတဲ့ နိုင်ငံတွေမှာရောက်ရှိနေကြသူတွေကို အင်တာနက်ကနေ တဆင့် ဖြန့်ဝေခဲ့တာကြောင့် ဖြစ်တယ်လို့ ဆက်ပြောပါတယ်။

ကောင်းမြတ်လှိုင်ကို အာဏာပိုင်တွေ လာရောက်ဖမ်းဆီးခဲ့ချိန်တုန်းကတော့ ပြီးခဲ့တဲ့နှစ် ဧပြီလက ပေါက်ကွဲမှုဖြစ်ပွားခဲ့တဲ့ X2O ရေကစားမဏ္ဍာပ် ဗုံးပေါက်ကွဲခဲ့မှုနဲ့ပတ်သက်ပြီး မေးမြန်းစရာရှိတယ်ဆိုကာ ခေါ်ဆောင်သွားခဲ့ရာက စစ်ကြောရေးစခန်းမှာ ၁၀ ရက်ကြာစစ်ဆေးခဲ့ပြီးချိန်မှာ ဒီပုဒ်မတွေနဲ့ တရားစွဲဆိုခံခဲ့ရတာလို့ဦးအေးသောင်းက ပြောပါတယ်။

ဒီအမှုနဲ့ပတ်သက်ပြီး လိုက်ပါဆောင်ရွက်ပေးခဲ့တဲ့ ရှေ့နေ ဦးကျော်ဌေးကတော့ မောင်ကောင်းမြတ်လှိုင်ကို တရားစွဲဆိုခဲ့သူတွေနဲ့ ထွက်ဆိုတဲ့သက်သေတွေ သက်သေခံစာရွက် အထောက်အထားတွေဟာ အတူတူဖြစ်နေပြီး အကြောင်းချင်းရာတခုတည်းကို တရားရုံးနှစ်ရုံးမှာ အမှုနှစ်ခုခွဲပြီး တရားစွဲဆိုခဲ့မှုဟာ မဖြစ်သင့်ဘူးလို့ RFA ကိုပြောပါတယ်။

"ဒီကနေ့ မောင်ကောင်းမြတ်လှိုင်ရဲ့ အမှုစီရင်ခဲ့တဲ့ တရားရုံးကို မြန်မာနိုင်ငံလုံးဆိုင်ရာ သွေးအကူအညီပေးရေးအဖွဲ့ဝင်တွေနဲ့ NLD လူငယ်အဖွဲ့ဝင်တချို့ သွားရောက်ခဲ့ကြပြီး မောင်ကောင်းမြတ်လှိုင်ကို အားပေးစကား ပြောခဲ့ကြတယ်လို့ သွေးအကူအညီပေးရေးအဖွဲ့က တာဝန်ခံ ကိုညီညီ က ပြောပါတယ်။"

"ကျနော်တို့ အခုကောင်းမြတ်လှိုင်ကို လာရောက်အားပေးတဲ့ အတိုင်းအတာကတော့ ကောင်းမြတ်လှိုင်သည် သူ့ယုံကြည်ချက်နဲ့ သူအလုပ်လုပ်တယ်။ သူ့လူမျိုးအတွက် သူအလုပ်လုပ်တယ်။ သူ့နိုင်ငံအတွက် သူအလုပ်လုပ်တယ်။ ကျနော်တို့က အဲ့လိုပဲ ယူဆတယ်လေ။ ကောင်းမြတ်လှိုင်ကို ကျနော်တို့မေးကြည့်တဲ့အခါမှာလည်းသူကလည်း မိမိရဲ့ ယုံကြည်ချက်နဲ့ မိမိဆက်ပြီးတော့ သွားမှာပဲလို့ ပြောတဲ့အတွက် ကျနော်တို့က ကောင်းမြတ်လှိုင်အစား ဂုဏ်ယူတယ်။"

မောင်ကောင်းမြတ်လှိုင်ဟာ တောင်ဒဂုံမြို့နယ်မှာ ၁၀ တန်းကျောင်းသားအဖြစ် ပညာသင်နေရာကနေ ကျောင်းထွက်ခဲ့ပြီးမြန်မာပြည်တွင်းကနေတဆင့် နိုင်ငံခြားကို ဖုန်းခေါ်ဆိုလိုသူတွေကို ဆက်သွယ် ဆောင်ရွက်ပေးတဲ့ အလုပ်လုပ်ကိုင်နေစဉ်မှာ အာဏာပိုင်တွေရဲ့ ဖမ်းဆီးထိန်းသိမ်းတာ ခံခဲ့ရတာဖြစ်ပါတယ်။

---

# အီဂျစ်လူထုအုံကြွမှု ဒေါ်စုထောက်ခံ

**DVB ၊ ဖေဖော်ဝါရီ ၂ ။** ။ လွတ်လပ်ခွင့်ရရှိလိုတဲ့ ကမ္ဘာ့ပြည်သူတွေနဲ့ အတူ အီဂျစ်အစိုးရကို ဆန့်ကျင်ဆန္ဒပြနေတဲ့ ပြည်သူတွေဘက်က ရပ်တည်ပါတယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

ဘီဘီစီ ကမ္ဘာ့သတင်း အမေးအဖြေကဏ္ဍမှာ ကိုင်ရိုဘက်က မေးမြန်းတာကိုခုလိုပြောကြားတာဖြစ်ပြီး ခေါင်းအေးအေးထားပြီး စိတ်ဓာတ်ခိုင်မာဖို့နဲ့ မျှော်လင့်ချက်ကို လက်မလွှတ်ဘဲ ရှေ့ဆက်ဖို့လိုအပ်ပါတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က အားပေးပါတယ်။ ဒီနေ့ကမ္ဘာ့ပြည်သူတွေဟာ တဦးနဲ့တဦးလက်တွဲပြီး ကြီးကြီးမားမားဆန္ဒဖော်ထုတ်နိုင်တယ်ဆိုတာကို အီဂျစ်ပြည်သူတွေက သက်သေပြနေတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားပါတယ်။

---

**စာမျက်နှာ ၁၂ မှ**

ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ရွေးချယ်ပြီး ဖေဖော်ဝါရီလ ၃ ရက်နေ့ ကြာသပတေးနေ့ လွှတ်တော်ပြန်စတဲ့အခါ အဲဒီဆန်ကာတင် ၃ယောက်ရဲ့ အမည်စာရင်းကို ထုတ်ပြန်မယ်လို့ သိရပါတယ်။

အဲဒီ ဆန်ကာတင် ၃ ယောက်ထဲကမှ နိုင်ငံတော်သမ္မတအဖြစ် လွှတ်တော် ၂ ရပ်ပေါင်းရဲ့ ပြည်ထောင်စုလွှတ်တော်ကနေ ရွေးကောက်တင်မြှောက်ကြမှာဖြစ်ပြီး သမ္မတအဖြစ်နဲ့ စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဟောင်းသိန်းစိန်ကို လျာထားပြီးဖြစ်တယ်လို့ အကဲခတ်တွေက တွက်ဆနေကြပါတယ်။

# ပါလီမန်ဒုတိယနေ့အခင်းအကျင်းအပေါ် ဆန္ဒကျင်သူနှင့် ဝင်ပြိုင်သူ ၂ ဦး၏အမြင်

**DVB ၊ ဖေဖော်ဝါရီ ၁ ။** ။ ပါလီမန်ဒုတိယနေ့ အခင်းအကျင်းအပေါ် ဆန္ဒကျင်သူနဲ့ဝင်ပြိုင်သူ ၂ ဦးရဲ့ မတူညီတဲ့အမြင် ၂ မျိုးကို တင်ပြလိုပါတယ်။ လမ်းပြမြေပုံ ၇ ချက်အရကျင်းပတဲ့ ရွေးကောက်ပွဲ ပါလီမန်လုပ်ငန်းစဉ်ကို လုံးဝအယုံအကြည်မရှိတဲ့ပြည်ပရောက်လွှတ်တော်အမတ်တဦးဖြစ်သူခွန်မြင့်ထွန်းနဲ့ ဒီလမ်းကနေ တိုးတက်မှုတစုံတရာ ရလာနိုင်တယ်ဆိုပြီး အဲဒီရွေးကောက်ပွဲကို ဝင်ပြိုင်တဲ့ အမျိုးသားဒီမိုကရေစီအင်အားစု အန်ဒီအက်ဖ်ပါတီခေါင်းဆောင်ဦးခင်မောင်ဆွေတို့ကို မေးမြန်းထားပါတယ်။

၁၉၉၀ ရွေးကောက်ပွဲတုန်းက သထုံမြို့နယ်ကနေ အန်အယ်လ်ဒီအမတ်အဖြစ် ရွေးကောက်ခံခဲ့ရသူ ခွန်မြင့်ထွန်းကတော့ ဒီနေ့ နေပြည်တော်မှာ ကျင်းပနေတဲ့ ပါလီမန်ဆိုတာဟာ ၁၉၉၃–၉၄ ကာလကကျင်းပတဲ့ အမျိုးသားညီလာခံလိုပဲ စစ်တပ်က တင်လာသမျှကို အတည်ပြုပေးရုံကလွဲပြီး တခြားဘာမှ လုပ်နိုင်ဘွယ်မရှိဘူးလို့ ပြောပါတယ်။

"ကျနော်တို့ တက်ခဲ့ဖူးတဲ့ ဒီအမျိုးသားညီလာခံ အတွေ့အကြုံအခြေခံကိုပြောရရင် သူတို့မှာ ပြင်ဆင်ထားပြီးသား အကုန်လုံးကို ညီလာခံကနေ အတည်ပြုပေးဖို့အတွက် ဒါကိုသူတို့လုပ်ကြတာ။ နောက်တခုက ဒီလုပ်လိုက်တဲ့ လွှတ်တော်တွေမှာလည်းပဲ သူတို့အကုန်လုံး ပြင်ဆင်ပြီးသား ရွေးချယ်ပြီးသားကို တက်လာတဲ့လူတွေနဲ့ အတည်ပြုခိုင်းတာပေါ့၊ ဒါပဲပဲ။"

ဟုတ်ကဲ့။ ဘာမှမထူးဘူးပေါ့ခင်ဗျာ။

"ဘာမှမထူးဘူး၊ မထူးတဲ့အပြင် ပိုပြီးတော့မှ မကျေလည်မှုတွေပိုများပြီး ကျနော်တို့တိုင်းပြည်မှာ ပဋိပက္ခတွေပိုများလာမယ်ဖို့ပဲရှိတယ်။ အထူးသဖြင့် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ တိုင်းရင်းသားပါတီတွေရှိတယ်၊ အဖွဲ့အစည်းတွေရှိတယ်၊ ရသလောက် အကောင်းမြင်နဲ့စိတ်ရှည်ရှည်နဲ့ ဝင်ပြီးတော့ လွှတ်တော်မှာဝင်ပြီး ဆောင်ရွက်ကြတယ်။ သူတို့မှာ ပြောခွင့်ဆိုခွင့်ထဲထဲဝင်ဝင်ကြီးမားတဲ့ တာဝန်တွေယူပြီးမှ ဆောင်ရွက်ပိုင်ခွင့်မရတော့တဲ့အခါမှာ တိုင်းပြည်ရဲ့အဓိကပြဿနာဖြစ်တဲ့တိုင်းရင်းသားအရေးနဲ့ ဒီမိုကရေစီပြဿနာတွေကို ဘယ်လိုနည်းနဲ့မှဖြေရှင်းနိုင်မှာမဟုတ်ဘူး။ ဖြေရှင်းဖို့အတွက်ရတဲ့နည်းလမ်းလေးနဲ့ ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေပင်လျှင် မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားတာ အင်မတန်ဆိုးဝါးတဲ့ ကိစ္စဖြစ်ပါတယ်။"

အခု ပထမအကြိမ်သမ္မတရွေးတာနဲ့ ဝန်ကြီးချုပ်ရွေးတာကတော့ ကြံ့ခိုင်ရေးပဲ အားလုံးဖြစ်ကုန်ကြတယ်။ ဒါပေမယ့် နောက်တကြိမ် ပါလီမန်စရင်ကော ဥပဒေကြမ်း အဆိုပြုတာတွေကော လုပ်ခွင့်ရမယ်လို့ထင်သလား။

"ကျနော်တော့ အဲလိုမထင်ဘူး။ အဓိက အကန့်အသတ်က ၂ ခုရှိတယ်။ ပထမတခုက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအကန့်အသတ်၊ နောက်တခုက ရွေးကောက်ပွဲမှာအနိုင်ရခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ရာခိုင်နှုန်း၊ အဲတော့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက ၅၈ ရာခိုင်နှုန်း အနိုင်ရထားပြီးတော့ နောက် စစ်တပ်က ၂၅ ရာခိုင်နှုန်းယူထားတယ်။ စုစုပေါင်း ၈၃ ရာခိုင်နှုန်းက စစ်အုပ်စုလက်ထဲမှာရှိတယ်။ တစည အပါအဝင် ကျန်တဲ့အင်အားစုတွေက စုစုပေါင်းမှ ၁၇ ရာခိုင်နှုန်းပဲရှိတယ်။ ကျနော်တို့က လွှတ်တော်မှာ ဥပဒေကြမ်းတခုကိုတင်ချင်တယ်ဆိုရင် ၂၀ ရာခိုင်နှုန်းရဲ့ ထောက်ခံပြီးရင် တင်သွင်းမှ တင်သွင်းခွင့်ရမယ်။ အဲတော့ ကျနော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်ထဲမှာ ပြင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လွှတ်တော်ကို တက်ကြတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ သူတို့ရည်မှန်းချက်က ဘယ်လိုမှပေါက်မြောက်အောင်မြင်မှာမဟုတ်ပါဘူး။"

ဒါပေမယ့် ၁၉၉၀ ရွေးကောက်ပွဲတုန်းက စမ်းချောင်းမြို့နယ် အန်အယ်လ်ဒီကိုယ်စားလှယ်အဖြစ်အရွေးခံရပြီး ရွေးကောက်ပွဲကိုအမျိုးသားဒီမိုကရေစီအင်အားစုပါတီအဖြစ်ဝင်ပြိုင်တဲ့ ပါတီခေါင်းဆောင်ဦးခင်မောင်ဆွေကတော့ အဆိုးများများထဲက အကောင်းနည်းနည်းကိုရအောင်ယူနိုင်ဖို့အတွက် ပါလီမန်တွင်းကနေ ဆက်ကြိုးစားရမှာဖြစ်တယ်လို့ ပြောပါတယ်။

"ဒုသမ္မတတွေ ရွေးတဲ့အဖွဲ့က မပြီးသေးဘူးဆိုတော့ အဆုံးတိုင်ကောက်ချက်ချလို့တော့မရသေးဘူး။ အမျိုးသားလွှတ်တော်မှာ ရခိုင်ပါတီကပါတယ်။ ပြည်သူ့လွှတ်တော်မှာ ဆိုရင်လည်းကရင်ပြည်နယ်ဘက်က ပါနေတာတွေကြားနေရတော့ တကယ်လို့ အမျိုးသားလွှတ်တော်မှာ တိုင်းရင်းသားတွေ ဘက်ကရတယ်ဆိုရင် ထင်ထားတာထက်ပိုပြီးတော့ အခွင့်သာတယ်လို့ပြောရမှာပေါ့။"

ကျနော်အနှစ်ချုပ်မေးချင်တာ ဒီလိုပါ။ နဂိုကတည်းက လမ်းပြမြေပုံနဲ့ ရွေးကောက်ပွဲနဲ့ ပါလီမန်ထဲကိုဝေဖန်တဲ့ လူတွေကတော့ အခု ပါလီမန်က အရင်ထက်ပိုဆိုးတယ်ပေါ့။ ဘာမှထူးမှာမဟုတ်ဘူးလို့ ဝေဖန်တဲ့ အခါကျတော့ အဲဒီအပေါ်မှာ ဘယ်လိုသဘောရလဲ။

"ကျနော်တို့ကတော့ အဆိုးမြင်သမားတွေဘက်လည်း မလိုက်ဘူး။ အဆိုးမြင်သမားတွေကတော့ တလျှောက်လုံး အဆိုးမြင်နေကြတာပေါ့။ ကောင်းတာတခုပေါ်လည်း ရောကြိတ်ပြီးတော့ အဆိုးမြင်မှာပဲ။ အကောင်းမြင်တဲ့ လူတွေကလည်း အကုန်လုံးက အကောင်းမြင်နေမှာပဲ။ ဒါကြောင့် ကျနော်တို့က အဆိုးမြင်ဘက်မှာလည်းမရှိသလို အကောင်းမြင်ဘက်မှာလည်း မရှိပါဘူး။ လက်ရှိဖြစ်သွားမယ့်ဟာတွေက ဒါတွေကတော့ ကောင်းနေပါတယ်၊ ဆိုးတာကတော့ များတယ်ပေါ့။ ဒီဘက်မှာလည်း ကောင်းတာတွေက အများကြီးပါပဲ။ ဆိုးတာနည်းပါတယ်ဆိုတာ လွှတ်တော်အခန်းကဏ္ဍကြီး ပြီးသွားတော့မှ လွတ်လပ်စွာပြောခွင့်ဆိုခွင့်တွေ ရလားမရလား၊ အဆိုပြုမှုတွေကို ပေးလားမပေးလားဆိုတာ၊ နောက်သတင်းမီဒီယာ လွတ်လပ်ခွင့်တွေကော လွှတ်တော်ကျင်းပမှု ပြီးသွားတဲ့ အခါမှာ လုံးဝမပေးဘူးလား၊ ဘယ်လောက်အတိုင်းအတာထိပေးသလဲ၊ သို့မဟုတ် ထုတ်ပြန်သင့်တာတွေပဲ သူတို့စိစစ်ပြီး ထုတ်ပြန်နေသလားဆိုတာတွေ ကောပေါ့။ အဲမြင်ကွင်းတွေကိုမတိုင်ခင်မှာ ကျနော်တို့ အပ်ကျမပ်ကျ မသိနိုင်သေးပါဘူး။ ကျနော်တို့လည်း စောင့်ကြည့်ပြီးတော့ အချိန်နဲ့တပြေးညီ လေ့လာပြီးတော့မှ ပြောကြားဖို့အစီအစဉ်ရှိပါတယ်။"

တချို့ထောက်ပြတဲ့လူတွေ ပြောတာကတော့ ဒီပါလီမန်မှာက အနည်းစုအများစုမြင်နေရပြီပေါ့နော်။ ကြံ့ခိုင်ရေးနဲ့စစ်တပ်က ပေါင်းလိုက်ပြီး အများစုဖြစ်နေတဲ့အခါကျတော့ ဥပဒေတင်ဖို့က ၂၀ ရာခိုင်နှုန်းလိုတယ်ဆိုတော့ အခုက ၂၀ ရာနှုန်းမရှိလောက်ဘူးထင်တယ် ပြည်ထောင်စုလွှတ်တော်မှာ။

"၂၀ ရာခိုင်နှုန်းနီးပါး ရှိလိမ့်မယ်လို့တော့ ကျနော်ကတော့ မှန်းထားတယ်ခင်ဗျ။ ဥပဒေပြုအာဏာမှာလည်း ကျနော်တို့တဖြည်းဖြည်းချင်းတိုင်းပြည်နဲ့လူမျိုးအတွက် အကျိုးကိုတင်မယ့်ဟာတွေကိုကန့်ကွက်မယ့်လူတွေဟာ၊ ဥပမာအားဖြင့် ကျန်းမာရေးသုံးစွဲမှုဟာ ဂျီဒီပီမှာ ၂ ရာခိုင်နှုန်း၊ ၃ ရာခိုင်နှုန်းရှိနေပါတယ်။ အဲဒါကို ၁၀ ရာခိုင်နှုန်းတိုးမြှင့်ချင်ပါတယ်။ အဲဒါတိုးပေးပါဆိုရင် သေရင်လည်းသေပါစေ၊ မတိုးပေးဘူးလို့ပြောမယ်ဆိုရင် သူ့သမိုင်းသူရေးသွားတာပဲဖြစ်မှာပေါ့ခင်ဗျ။ ဒါကတော့ ဥပဒေပြုအာဏာအပိုင်းပေါ့ဗျာ။ အုပ်ချုပ်မှုအာဏာနဲ့ပတ်သက်လာတဲ့ အစိုးရအဖွဲ့ပေါ်လာတဲ့ အခါကျတော့လည်း ဘယ်သူတွေအုပ်ချုပ်တယ်ဆိုတာ ကျနော်တို့အတွက် ပြဿနာသိပ်မရှိပါဘူး။ ဘယ်သူအုပ်ချုပ်တယ်၊ ဘယ်လောက်ကောင်းအောင်အုပ်ချုပ်တယ်၊ ဘယ်လောက်မကောင်းအောင်အုပ်ချုပ်တယ်ဆိုတာကိုပဲကျနော်တို့ကဝေဖန်ကြရမှာမောင်ဖြူမောင်နီမောင်ဝါအုပ်ချုပ်လို့မကောင်းဘူး၊ မောင်ပြာ၊ မောင်ဝါ၊ မောင်စိမ်းအုပ်ချုပ်လို့ ကောင်းတယ်လို့ လူပုဂ္ဂိုလ်အရ စွဲလမ်းခြင်းမရှိပါဘူး။အဲဒီ ပုဂ္ဂိုလ်တွေဟာ တကယ်တမ်းပဲ ကောင်းအောင်အုပ်ချုပ်နေလား good government ပေါ့ဗျာ။ အစိုးရကောင်းစနစ်ကိုသွားနေသလား၊ အစိုးရကောင်းသစ်မဟုတ်ဘဲနဲ့ အရင်လိုပဲ အဟောင်းကိုပဲ ပြန်ခေါင်းစိုက်ဝင်သွားသလားဆိုတာကတော့ အဲဒီအခါကျမှ ကျနော်တို့ဝေဖန်ဖို့ ရှိပါတယ်။"

# နယ်စပ်တိုက်ပွဲများမှ အဓမ္မအခိုင်းခံ ပေါ်တာအချို့ ထိုင်းဖက် ထွက်ပြေးရောက်ရှိလာ

**RFA ၊ ဖေဖော်ဝါရီ ၃ ။** ။ ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ဖလူးလေး၊ ဖလူးကြီးနယ်မြေတိုက်ပွဲတွေအတွင်းက မြန်မာစစ်အစိုးရတပ်ဖက်က အကျဉ်းသားပေါ်တာတချို့ ထိုင်း-မြန်မာနယ်စပ်ကို ထွက်ပြေးနေကြရာမှာ နောက်ထပ် ပေါ်တာတဦး ဖေဖော်ဝါရီ ၂ ရက် မနေ့က ထွက်ပြေးလွတ်မြောက် လာခဲ့တယ်လို့ သိရပါတယ်။

လွတ်မြောက်လာခဲ့သူဟာ သာယာဝတီထောင်မှာ လူသတ်မှုနဲ့ အနှစ် ၂၀ ကျခံနေရတဲ့ ကျုံပျော်မြို့က ကိုဇော်မင်းထွန်းဆိုသူဖြစ်ပြီး သာယာဝတီထောင်ကနေ မွန်ပြည်နယ် ရဲဘက်စခန်းသို့ရောက်ရှိလာခဲ့ရာက ပြီးခဲ့တဲ့လ လဆန်းပိုင်းမှာ မွန်ပြည်နယ်က ကျောက်ထုတ်လုပ်ရေး ရဲဘက်စခန်းတွေက အကျဉ်းသား ၁၆၀ ကို နယ်စပ်တိုက်ပွဲတွေအတွက် အထမ်းသမား ပေါ်တာအဖြစ် ခေါ်ဆောင်ရာမှာ ပါဝင်ခဲ့တာလို့ သိရပါတယ်။ အကျဉ်းသားတဦး ထွက်ပြေးမှုနဲ့ပတ်သက်ပြီး အရာရှိရဲ့ ခြိမ်းခြောက်မှုကြောင့် သူထွက်ပြေးလာခဲ့ရကြောင်းကို ကိုဇော်မင်းထွန်းက အခုလို ပြောပြပါတယ်။

"မနေ့က နေ့လည်က ကျွန်တော်တို့ သုံးယောက် ထိုင်နေရင်းနဲ့ ဝါးခုတ်သွားမယ်ဆိုပြီးတော့ ကျွန်တော်တို့ သုံးယောက်တည်းစစ်သည် မပါပဲထွက်လာတာ။ ထွက်လာတဲ့အချိန်မှာပဲ တယောက်က ဓားကိုင်ပြီးတော့ ထွက်ပြေးသွားတယ်။ အဲဒါ မနေ့က ပြေးသွားတဲ့ လူတယောက်အတွက်နဲ့ ကျွန်တော်တို့ နှစ်ယောက်ကို ရိုက်မယ်တဲ့။ မင်းတို့ကို ဒီကရှိတဲ့ လူစေ့ မင်းတို့ကို ရိုက်ခိုင်းမယ်တဲ့။ ကျွန်တော်တို့ကို ဗိုလ်မှူးကိုသွားနှိပ်ပေးနေရင်းနဲ့ မိလ္လာတက်မယ်ဆိုပြီး ထွက်လာတာ။"

သူတို့စခန်းချရာ ဖလူးဒေသက ဘုန်းကြီးကျောင်းဝင်းအတွင်းကနေ ၃ ဦး ထွက်ပြေးလာကြတာဖြစ်ကြောင်းနဲ့ တဦးက မပြေးနိုင်လို့ ကျန်ခဲ့ကြောင်း သိရပါတယ်။ အကျဉ်းသားပေါ်တာတွေကို လုံခြုံရေးတင်းကျပ်တဲ့ အခြေအနေတွေကိုလည်း သူက အခုလိုပြောပြပါတယ်။

"အရှေ့ကတယောက် ပြေးသွားတယ်၊ ကျွန်တော်တို့ကို ဆံပင်လေးကွက်ကြား တုံးတာတို့၊ အရပ်ဝတ် သိမ်းတာတို့၊ သူနဲ့ ပါသွားတဲ့ အဖွဲ့က လူတွေကို ရိုက်တာတို့၊ ကင်းပတ်စောင့်တယ်၊ အောက်ကိုသေးဆင်းပေါက်လို့ မရဘူး၊ ညဖက်ချေးပါလို့မရဘူး၊ မနက်မိုးလင်းလို့ရှိရင် ဘုန်းကြီးကျောင်းက စခိုင်းပါတယ်။ ထင်းခွေတယ်၊ ရေခပ်တယ်၊ သန့်ရှင်းရေးလုပ်တယ်၊ သစ်ပင်ချိုင်တယ်၊ သစ်ပင်လှဲတယ်၊ နောက်တန်းက ပို့ပေးတဲ့ ဗုံးသီးထမ်းရတယ်၊ ဆန်အိတ်ထမ်းရမယ်။"

အကျဉ်းသားပေါ်တာတွေထဲမှာ အသက်အရွယ်ကြီးသူ အယောက် ၄၀ လောက် ပါဝင်တယ်လို့လည်း ဆိုပါတယ်။ အကျဉ်းသားပေါ်တာတွေအနေနဲ့မတ်စောက်တဲ့ တောင်တွေပေါ်ကို ၁၂၀ လက်နက်ကြီး ကျည်တွေ ထမ်းတက်ရကြောင်း၊ အခုအချိန်ထိ အကျဉ်းသားပေါ်တာ ၃၀ ထက်မနည်း ထွက်ပြေး လွတ်မြောက်သွားပြီး ဖြစ်ကြောင်းလည်း သူကပြောပြပါတယ်။ ပေါ်တာထမ်းရင်း ကျည်သင့်သေဆုံးသူတွေနဲ့ မိုင်းနင်းမိလို့သေဆုံးသူတွေလည်းအများအပြားရှိကြောင်းထွက်ပြေးတဲ့သူတွေကိုလည်း ဖမ်းမိပါက အသေသတ်ပစ်တဲ့အကြောင်း သူပြောပါတယ်။

အခု ထွက်ပြေးလာတဲ့ ကိုဇော်မင်းထွန်းဟာ ပြီးခဲ့တဲ့ ၆ နှစ်ကျော်က ဧရာဝတီတိုင်း ဟင်္သာတမြို့မှာ လူသတ်မှု အတွက်အစားထိုးထောင်ကျခံခဲ့ရသူလို့သိရပါတယ်။ ထောင်ကျစဉ်ကသူ့အသက် ၁၆ နှစ်သာရှိသေးပြီး အလောင်းဖျောက်ရန် ကြံစည်မှုနဲ့ သူ့ကိုသာယာဝတီထောင်မှာ ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခံရတယ်လို့လည်း သိရပါတယ်။

---

## ပြကွဒိန်မှ

**ဖပေါ်ဝါရီ ၄ ၊ Mizzima ။ ။** ဘဲလ်ဂျီယံသည် မြန်မာနအဖအား စစ်ရာဇဝတ်မှုများ ကျူးလွန်ရှိမရှိ ကုလမှ စုံစမ်းရေးကော်မရှင်ဖွဲ့စစ်ဆေးရန် သဘောတူကြောင်း ကြေညာ၏။

**ဖေဖော်ဝါရီ ၄ ၊ Saigon News။** ဝန်ကြီးချုပ်ဟောင်း(ဗိုလ်ချုပ်ဟောင်း)သိန်းစိန်(၆၅နှစ်)အား နအဖ၏ ပထမဆုံးလွှတ်တော်မှ သမတအဖြစ်ရွေးချယ်ခန့်အပ်၏

**ဖေဖော်ဝါရီ ၄ ၊ IRIN ။ ။** မုန်တိုင်းအပြီး ရခိုင်ပြည်နယ်တွင် မိသားစု ၁၅၀၀၀( လူ ၁၀၄၀၀၀) ခန့်အိုးအိမ်မဲ့ ဖြစ်နေသေးကြောင်း ကုလအိုးအိမ်ပြန်လည်နေရာချထား ပေးရေးအစီအစဉ် UN Habitat မှဆို၏။

**ဖေဖော်ဝါရီ ၅ ၊ -Asia Times Online ။ ။** ချင်းပြည်နယ်တွင် နအဖတပ်များသည် ချင်းအမျိုးသမီးများသာမက ခလေးများနှင့် အမျိုးသားများကိုပါ ကာအိခြေပျက် အဓမ္မပြုကျင့်ခြင်းများတွေ့ရကြောင်း အမေရိကန်ပြည်ထောင်စုအခြေစိုက် Physicians for Human Rights မှဆို၏။

**ဖေဖော်ဝါရီ ၄ ၊ Jskarta Post ။ ။** မြန်မာအပေါ် ပိတ်ဆို့မှုစိုင့်ရှင်များ ရုတ်သိမ်းရန် အာဆီယံတောင်းဆိုမှုသည် အနောက်နိုင်ငံများစွာ၏ လက်မခံမှုများစွာရင်ဆိုင်ရပေမည်။ ပိတ်ဆို့မှုရပ်သင့်ကြောင်း အာဆီယံမှ သက်သေပြရန် များစွာလိုပေမည်။

**ဖေဖော်ဝါရီ ၃ ၊ Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်၏ Davos သို့ပို့သည် ဆွေးနွေးချက်တွင် မြန်မာသည် (ကုန်သွယ်စီးပွား) တိုးတက်မှုတွင် ကျန်နေခဲ့သည်ဟုဆိုစကားသည် သူမ၏ယခင်ပြောဆိုချက်များကို နောက်ပြန်ဆုတ်ရာ ရောက်သလောဟု ထက်အောင်မှ သတင်းဝေဖန်၏။

**ဖေဖော်ဝါရီ ၄ ၊ Irrawaddy ။ ။ ။** နအဖ၏ပါလီမံသည် ကောင်းရာသို့ပြောင်းလဲမည်လည်းမဟုတ်၊ စည်းကမ်းရှိဒီမိုကရေစီလည်း စိုးမိုးမည်မဟုတ်၊စစ်တပ်၏နူတ်ပိတ်ခေါင်းငြိမ့်ရုပ်သေးပွဲဖြစ်ပြီး သတ္တိကြောင်သူများနှင့် လူပျက်များချေခြင်းလိမ်နေသည့် ပါလီမန်ဖြစ်၏။

**ဖေဖော်ဝါရီ ၄ ၊ CAIRO ။ ။** ကိုင်ရိုရှိမြန်မာများအား အရေးအခင်းများအကြား မြန်မာသံရုံးသည် ကူညီမှုမရှိကြောင်း။

**ဖေဖော်ဝါရီ ၄ ၊ Mizzima ။ ။** ၂၀၀၇ တွင် ဗြိတိန်မှ ဒါရိုက်တာ Rex Bloomstein ထုတ်လုပ်သည့် ဇာဂနာ၏ အကြောင်းရုပ်ရှင် ကွန့်ပ်နေသောအကျဉ်းထောင်သတင်းမှတ်တမ်းကို ချူးဒေလီ သတင်းကလပ်တွင် ပြသ၏။

**ဖေဖော်ဝါရီ ၄ ၊ DVB ။ ။**မြန်မာလူငယ်များသည်အပျော်အပါးများနေ၍ နိုင်ငံအတွက်မကောင်းဘဲ နိုင်ငံရေးအသိ ပိုမိုရှင်သန်လာရန်လိုကြောင်း အဖွဲ့ချုပ်မှဆို၏။

**ဖေဖော်ဝါရီ ၃ ၊ Chinland Guardian ။ ။** လန်ဒန်တွင် မြန်မာတိုင်းရင်းအဖွဲ့များစွာသည် ယခုလအတွင်း လန်ဒန်တွင် မှတ်သားလောက်သည့် အထိန်းအမှတ်ဆွေးနွေးပွဲများစွာ ကျင်းပမည်။

**ဖေဖော်ဝါရီ ၁ ၊ Irrawaddy ။ ။** မြန်မာပါလီမံ စတင်နေရာ ဂျပန်သည် အနီးကပ်စောင့်ကြည့်မည်ဟုဆို၏။ နိုင်ငံများစွာမှ သံတမန်များသည် နှုတ်ပိတ်နေ၏။

# စီးပွားရေးကျပ်တည်း၍ အသက်မပြည့်သေးတဲ့ကလေးများ လုပ်ငန်းခွင်ဝင်ကြရ

**DVB ၊ ဖေဖော်ဝါရီ ၁ ။** ။ မိသားစုစီးပွားရေး အခြေအနေ မပြေလည်မှုကြောင့် အသက်မပြည့်မီ လုပ်ငန်းခွင်ဝင်လာတဲ့သူတွေ တဖြည်းဖြည်း များလာပါတယ်။

မိသားစုဝင်ငွေကို ဖြည့်ဆည်းဖို့အတွက် ၁၈ နှစ်မပြည့်မီ လုပ်ငန်းခွင် ဝင်ရတဲ့ အလုပ်သမားတွေကို တချို့စက်ရုံတွေက မခေါ်တာတွေ ရှိပေမယ့် တချို့စက်ရုံတွေကလည်းနားလည်မှုနဲ့အလုပ်ခေါ်လာကြတာတွေ့ရပါတယ်လို့ ရန်ကုန်တိုင်းအတွင်းက စက်မှုဇုန် အလုပ်သမားတဦးက ပြောပါတယ်။

"အခုဟာက ၁၇ နှစ် ၁၆ နှစ်လောက်နဲ့ရတယ်။ စက်ရုံတရုံမှာ လူ အခံရှိသွားရင်၊ သူ့အစ်မရှိရင် သူ့ညီမကိုခေါ်ချင်တာပေါ့။ ခေါ်ချင်တော့ တ ယောက်ယောက်ကိုပြောလိုက်တာပေါ့ အထက်က လူကို။ ဒီလို ဒီလိုပဲပြော တော့ အဲဒီလိုပဲခိုင်းရတာပဲ။ သူတို့လည်းအဆင်ပြေရေးပေါ့။ တချို့ စက်ရုံက အသက်မပြည့်ဘဲဝင်လို့ရတယ်၊ တချို့စက်ရုံကလည်း မှတ်ပုံတင်ပါမှ ဖတ်ပုံ ပျက်လို့မရဘူး။ စက်ရုံချင်းမတူဘူး။ သူတို့ဘယ်လိုခန့်ကြလဲမပြောတတ်ဘူး။ စားဝတ်နေရေးအဆင်မပြေလို့ပဲလား၊ သူတို့ဘာသာ ဒီလိုပဲခန့်လား (စီးပွား ရေးအဆင်မပြေလို့)။ တချို့ကလည်း ရွာက ညီမရှိတယ်။အသက်ဘယ်လောက် ဆိုတာ ပြောလိုက်ရင် သူ့ဟာသူ နားလည်မှုနဲ့ စီးပွားရေးအဆင်ပြေအောင် ထည့်ပေးတဲ့သူလည်းရှိတယ် ကိုယ်ချင်းစာစိတ်နဲ့။"

စက်မှုဇုန်တွေက စက်ရုံတွေမှာ အလုပ်လုပ်နေတဲ့ သူတွေရဲ့ မိသားစု ဝင်သားသမီးတွေပဲ စက်ရုံတွေက ပြန်ခေါ် ခိုင်းတာမျိုးတွေရှိနေတာပါ။ အဲဒီစက် မှုဇုန်အလုပ်တွေက ပေးတဲ့အခြေခံလစာတွေကလည်း တမိသားစုလုံး လုပ်ငန်း ခွင်ဝင်မှ စားဝတ်နေရေး ဖြေရှင်းနိုင်တယ်လို့ သူက ဆက်ပြောပါတယ်။

"မိန်းကလေးတယောက် ခြောက်သောင်းပေးရင် သူ့ဟာသူအဆင်ပြေ တယ်။ ယောကျ်ားလေး ကိုးသောင်း တစ်သိန်းပေးသူဟာ သူ့ထမင်းဖိုးသုံးသောင်း နဲ့သုံးမှာစွဲမှာနဲ့၊ မိဘတွေပြန်ပေးရမှာနဲ့ အဲဒါဆိုအဆင်ပြေတာပေါ့။ ဤခုက အ လုပ်မရှိတော့ မေးလုပ်နေတာ။ ငါးသောင်းရလည်းလုပ်၊ လေးသောင်းရလည်း လုပ်ပေါ့။ စက်ရုံများများက လစာနည်းပါတယ်။ အခုက မိဘလည်းမပေးနိုင် ကိုယ်စားဝတ်နေရေးကလည်း မပြေလည်၊ ဒီမှာ အဲဒီ ဖရိုဖရဲတွေဖြစ်နေတာ။"

မြန်မာနိုင်ငံမှာ ကလေးအလုပ်သမားဥပဒေချမှတ်ထားတာမရှိပေမယ့် လည်း မြန်မာနိုင်ငံဟာ ကွန်ဗင်းရှင်း အွန်သည် ရိုက်အော့သည် ချိုင်း (CRC) လို့ ခေါ်တဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသ ဘောတူညီချက်ကို ၁၉၉၁ ခုနှစ်မှာ သဘောတူ လက်မှတ်ရေးထိုးထားတဲ့နိုင် ငံဖြစ်ပါတယ်။ အခုလို အသက်မပြည့်သေးတဲ့သူတွေကို လုပ်ငန်းခွင်မှာ လက် ခံစေခိုင်းတာက ဥပဒေအရ တရားမဝင်ပါဘူးလို့ ရှေ့နေကြီး ဦးအောင်သိန်းက ထောက်ပြပြော ဆိုပါတယ်။

"ဒီလို Child Labour အနေနဲ့ မြန်မာနိုင်ငံမှာတော့ တရားဝင်စေခိုင်း ခွင့်တော့မရှိဘူး။ဒါတွေကိုလည်း တတ်နိုင်သမျှလုပ်ငန်းကြီးတွေကတော့ရှောင် ကြတယ်။ ဒါပေမယ့် အခုမြန်မာနိုင်ငံမှာ ဘာတွေ့လဲဆိုတော့ ကလေးသူငယ် တွေဟာ ဒီလက်ဖက်ရည်ဆိုင်တွေ၊ ခေါက်ဆွဲဆိုင်တွေ ထမင်းဆိုင်တွေမှာပေါ့ ပါးတဲ့အလုပ်တော့ သူတို့လုပ်ကိုင်ပြီးခိုင်းစေမှုပြီးတော့ဝင်ငွေ ဈေးခပ်ပေါပေါနဲ့ တလ ၂၀၀၀ တို့၊ ၃၀၀၀ တို့၊ ၅၀၀၀ တို့၊ တစ်ခါ တလေထမင်းကျွေးမွေး စောင့်ရှောက်ထားရုံ သက်သက်လောက်နဲ့ပဲ သူတို့ဘဝတွေကိုမြှုပ်နှံပြီး လုပ် ကိုင်နေတာတော့တွေ့တယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာလူမှု ဝန်ထမ်းဌာနတို့၊သက်ဆိုင်ရာအစိုးရဌာနတွေကနေနက်နက်နည်းနည်းကောက် သင်းကောက်ပြီး ဆောင်ရွက်တာတို့ အရေးယူတာတို့တော့ မရှိသေးဘူးလို့ အန်ကယ်သိရတယ်။"

မိသားစုစားဝတ်နေရေးအတွက် လုပ်ငန်းခွင်ဝင်နေကြတဲ့ ကလေး လုပ် သားတွေဟာ အဲ့ဒီစက်မှုဇုန်တွေမှာတင်ရှိနေတာတော့ မဟုတ်ပါဘူး။ ကျောင်း စာသင်ခန်းတွေစွန့်ပြီး လုပ်ငန်းထွင်ဝင်နေရတဲ့ ကလေးငယ်တွေ၊ ကျောင်းပိတ် ရက်တွေမှာ လုပ်ငန်းခွင်ဝင်နေရတဲ့ ကလေးငယ်တွေ၊ ကျောင်းချိန်ပြီးတဲ့အချိန် မှာလုပ်ငန်းခွင်ဝင်နေတဲ့ကလေးငယ်တွေကို မြန်မာနိုင်ငံရဲ့နေရာတော်တော်များ များတွေ့နေရပါတယ်။ တချို့ကလေးငယ်တွေဆို အန္တရာယ်များတဲ့ လုပ်ငန်း ခွင်တွေ၊ အရက်ရောင်းချနေတဲ့ လုပ်ငန်းတွေမှာ လုပ်နေရတာတွေ တောင်ရှိနေ ပါတယ်။

---

# မော်ချီးသတ္တုတွင်း ပိတ်သိမ်းမည့်သတင်း ထွက်ပေါ်မှုကြောင့် ဒေသခံများ စိုးရိမ်

**DVB ၊ ဖေဖော်ဝါရီ ၃ ။** ။ ကယားပြည်နယ် ဖားဆောင်းမြို့နယ်ထဲက မော်ချီးသတ္တုတွင်းမှာ သတ္တုတူးဖော်ထုတ်လုပ်ခွင့်တွေ ရုပ်သိမ်းတော့မယ်ဆိုတဲ့ သတင်းတွေ ဒေသခံစစ်အစိုးရ အကောက်ခွန်ဌာန အသိုင်းအဝိုင်းကနေ ထွက် ပေါ်ခဲ့လို့ ဒေသခံ တွင်းသားတွေ စိုးရိမ်နေပါတယ်။

မော်ချီးဒေသမှာ လက်ရှိ တူးဖော်နေတဲ့ ခဲတွင်းပေါင်း ၁၅၀ ကျော်ရှိပြီး သတ္တုရိုင်းတွေထဲကနေ ခဲနဲ့ သံဖြူသတ္တုတွေကို တူးဖော် ထုတ်လုပ်နေတာပါ။ တူးဖော်ရရှိတဲ့ ခဲတွေကို အစိုးရသတ်မှတ်ထားတဲ့ ဈေးနဲ့ အကောက်ခွန်ဒိုင် တွေကို ပေးသွင်းရမှာဖြစ်ပေမယ့် ပြင်ပပေါက်ဈေးနဲ့ ကွာခြားမှုရှိတာကြောင့် ပြင်ပကို ရောင်းချမှုများနေပါတယ်။ လက်ရှိခဲပေါက်ဈေးတွေကို ကရင်နီတပ်မ တော်ထောက်လှမ်းရေးအရာရှိ စောခဲဒိုက ခုလိုပြောပါတယ်။

"အစိုးရသတ်မှတ်ဈေးက ၆၀၀၀ ကနေ ၇၀၀၀ သူတို့ သတ်မှတ်တယ်၊ ဒါပေမယ့် ပို့ဈေးကတော့ ၉၀၀၀ ကနေ ၁၀၀၀၀ အထိ သူတို့ ဝယ်တယ်၊ တောင်ယာဆိုလည်း အဲဒီမှာသစ်တောတွေကလည်း ပြုန်းတီးကုန်ပြီလေ၊ အဲဒီ တော့ တောင်ယာဆိုလည်း စိုက်ပျိုးဖို့ မြေဩဇာတွေက မကောင်းတော့ဘူး ဆိုတော့ တော်တော်လေးကိုဒုက္ခရောက်နေတယ်လို့ ကျနော်ထင်တယ်လေ။"

မော်ချီးသတ္တုတွင်းနဲ့ ပတ်ဝန်းကျင်ဒေသမှ ပြည်သူတွေက သတ္တုတူး ဖော်တဲ့ လုပ်ငန်းနဲ့ ရိုးရာစိုက်ပျိုးရေးလုပ်ငန်းဖြစ်တဲ့ ဖာလာစေ့ စိုက်ပျိုးတဲ့ လုပ်ငန်းကိုပဲ လုပ်ကိုင်အသက်မွေးနေရတာပါ။ ဆက်သွယ်ရေးခက်ခဲသလို နအဖစစ်အစိုးရရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေက တွင်းသားတွေနဲ့ ဒေသခံ တွေဆီကို ရောက်ရှိတာမျိုး မရှိဘူးလို့ သိရပါတယ်။ ကရင်နီတပ်တော်ထောက် လှမ်းရေးအရာရှိ စောခဲဒိုက အခုလို ပြောပြပါတယ်။

"နအဖအစိုးရက သူတို့ လက်လှမ်း မမီနိုင်ဘူးနဲ့ တူပါတယ်၊ နယ်လှည့် ဆေးကုတာတော့ မရှိဘူး၊ ရှိတာကတော့ ကျနော်တို့ တော်လှန်ရေးအဖွဲ့အစည်း တွေကတော့ မော်ချီးဘေးနားမှာတော့ ရှိတော့ ရှိတယ်။ ဒါပေမယ့် အဲဒီမော်ချီး အတွင်းမှာရှိတဲ့လူထုက သူတို့ ရဲရဲဝံ့ဝံ့ထွက်လာပြီးမှ ဆေးကုသခံယူဖိုလည်း သူတို့ စိုးရိမ်ရတာကိုး၊ တော်လှန်ရေးအဖွဲ့အစည်းနဲ့ အဆက်အသွယ်ပြုတယ် ဆိုပြီး ပြဿနာတက်ပြီး တရားစွဲခံရမှာ သူတို့စိုးရိမ်တယ်လေ၊ နောက် ကျနော် တို့ နယ်လှည့်ဆေးမှူးတွေကလည်း အတွင်းမှာ ဘယ်လိုပြောမလဲ လွတ်လွတ် လပ်လပ်ဝင်ကုဖို့ ဆိုတာလည်း အခက်အခဲရှိတယ်။"

၂၀၁၀ ခုနှစ်အတွင်းကလည်း တောင်တခြမ်းလုံး ပြိုကျခဲ့တဲ့အတွက် လူနေအိမ်တွေ ပြိုကျပျက်စီးခဲ့ပေမယ့် မပြိုခင်တုန်ခါမှု ဖြစ်စဉ်တည်းက ထွက် ပြေးခဲ့ကြတဲ့အတွက် လူသေဆုံးမှုမရှိခဲ့ပါဘူး၊ ၂၀၀၉ နဲ့ ၂၀၁၀ ခုနှစ်အတွင်း တောင်ပြိုမှု မြေပြိုမှုတွေကြောင့် လူသေဆုံးဒဏ်ရာရမှုတွေရှိပေမယ့် ဆက် သွယ်ရေးအတွက် တော်လှန်ရေး စခန်းတွေရဲ့ဆက်သွယ်ရေးစက်တွေနဲ့ စက် တယ်လိုက်ဖုန်းတချို့တလေသာရှိတာကြောင့် မော်ချီးသတ္တုတွင်းနဲ့ပတ်သက် ပြီး သတင်းပေါက်ရောက်မှု မရှိသလောက် နည်းပါးနေပါတယ်။

# စေ့စပ်ဆွေးနွေးရေး ဆိုရာဝယ်

ခင်မမမျိုး

**ယခင်အပတ်အဆက်**

လူမျိုးစုကွဲပြားမှုပါ ဆက်စပ်ပါဝင်တဲ့ ပဋိပက္ခတွေမှာ ဝတ်စားဆင်ယင်မှု၊ ထုံးတမ်းစဉ်လာတွေကိုတင် သိရှိလေ့လာထားရုံနဲ့ နှစ်ပေါင်းများစွာ အမြစ်တွယ် နေခဲ့တဲ့ ရင်တွင်းက ပဋိပက္ခအညိုးအတေးတွေကို မသိမြင်နိုင်ပါဘူး။ စေ့စပ်ဆွေးနွေးမယ့် ခေါင်းဆောင်များဟာ နိုင်ငံရေးပညာ၊ စီးပွားရေးပညာ၊ အတွေးအခေါ်၊ သမိုင်းကြောင်း၊ စိတ်ပညာ စတာတွေကို နားလည်ကျွမ်းကျင်ထားရုံသာမက ပဋိပက္ခနဲ့ ဆက်စပ်တဲ့ လူမျိုးစုတွေရဲ့ ယဉ်ကျေးမှုနဲ့ အတွေးအခေါ်တွေကိုပါလေ့လာထားဖို့ လိုအပ်ပါတယ်။

လူမျိုးစုကွဲပြားမှုပါ ဆက်စပ်ပါဝင်တဲ့ ပဋိပက္ခတွေမှာ ဝတ်စားဆင်ယင်မှု၊ ထုံးတမ်းစဉ်လာတွေကိုတင် သိရှိလေ့လာထားရုံနဲ့ နှစ်ပေါင်းများစွာ အမြစ်တွယ် နေခဲ့တဲ့ ရင်တွင်းက ပဋိပက္ခအညိုး အတေးတွေကို မသိမြင်နိုင်ပါဘူး။ စေ့စပ်ဆွေးနွေးမယ့် ခေါင်းဆောင်များဟာ နိုင်ငံရေးပညာ၊ စီးပွားရေးပညာ၊ အတွေးအခေါ်၊ သမိုင်းကြောင်း၊ စိတ်ပညာစတာတွေကိုနားလည်ကျွမ်းကျင်ထားရုံသာမကပဋိပက္ခနဲ့ဆက်စပ်တဲ့ လူမျိုးစုတွေရဲ့ ယဉ်ကျေးမှုနဲ့ အတွေးအခေါ်တွေကိုပါလေ့လာထားဖို့လိုအပ်ပါတယ်။

ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး လေ့လာတဲ့ အခါမှာ လေ့လာနည်း နှစ်မျိုးရှိပါတယ်။ မိမိတို့လူမျိုးရဲ့ မိခင်ယဉ်ကျေးမှုကို လေ့လာတာကို "Enculturation" လို့ ခေါ်ပြီး၊ တခြားယဉ်ကျေးမှုကို လေ့လာတာကိုတော့ "Acculturation" လို့ ခေါ်ဆိုပါတယ်။ "Acculturation" လုပ်ဖို့ခဲယဉ်းပေမယ့် နိုင်ငံခေါင်းဆောင်တွေ၊ ပဋိပက္ခဖြေရှင်းရေးအတွက် စေ့စပ်ဆွေးနွေးမယ့် ခေါင်းဆောင်တွေကတော့ အလေးအနက်ထားပြီး လေ့လာဖို့လိုအပ်ပါတယ်။ လူနည်းစုကဖြစ်စေ၊လူများစုကဖြစ်စေ စေ့စပ်ဆွေးနွေးရမယ့် တဘက်က လူမျိုးစုရဲ့ ယဉ်ကျေးမှုကို အသိအမှတ်ပြုမှု အားနည်းတဲ့အခါ စေ့စပ်ဆွေးနွေးမှုအောင်မြင်ဖို့ အလွန်ခဲယဉ်းသွားနိုင်ပါတယ်။ တဘက်က ယဉ်ကျေးမှုကို အခြားတဘက်က judge လုပ်တာမဟုတ်ပဲ ကွဲပြားခြားနားမှုတွေ ကိုအမြော်အမြင်ကြီးကြီးနဲ့ လက်ခံပေးဖို့လိုအပ်ကြောင်း Cohen က ရေးသားဖော်ပြထားခဲ့ဖူးပါတယ်။ စကားပြောတဲ့ အသံနေ၊ အသံထားကြောင့် စေ့စပ်ဆွေးနွေးမှုတွေမှာ ကသိက အောက်ဖြစ်တတ်တာတွေလဲရှိပါတယ်။ တချို့ကစကားကို တုံးတိတိပြောပါတယ်။ တချို့ကသွယ်ဝိုက်ပြီး လှလှပပပြောပါတယ်။ တုံးတိတိပြောတာကို ရိုင်းစိုင်းတာလို့ တဘက်က ထင်လာတတ်သလို၊ သွယ်ဝိုက်ပြီး ဝေ့ဝိုက်နေတာကို တဘက်က စိတ်မရှည်နိုင်ဖြစ်လာတာလဲ ရှိတတ်ပါတယ်။ ဒီလိုအချိန်မှာ တဘက်နဲ့တဘက် ကွဲပြားတဲ့ယဉ်ကျေးမှု ဓလေ့တွေကို နားလည်ထားမှသာ ပြေပြစ်တဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ အမြစ်တွယ် ရှည်ကြာနေတဲ့ ဘာသာရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခတွေမှာဆိုရင် တဘက်နဲ့တဘက် အမြင်လွဲ၊ အထင်လွဲမှုတွေ၊ခံစားချက်အညိုးအတေးတွေကို ကြိုတင်လေ့လာနားလည်ထားခြင်းမရှိပဲ အပြန်အလှန်ရာဇဝင်နဲ့ချီပြီး စွပ်စွဲပြောဆိုနေကြတာနဲ့တင် စေ့စပ်ဆွေးနွေးမယ့် အကြောင်းအရာကို မစနိုင်တာတွေဖြစ်တတ်ပါတယ်။ ဒါကြောင့် ပဋိပက္ခမှာပါဝင်တဲ့ multiple actors တွေအကြားမှာ ဆက်ဆံရေးတည်ဆောက်မှုတွေနဲ့ မီဒီယာနဲ့ဆက်ဆံရေး၊ လူထုနဲ့ ဆက်ဆံရေးတည်ဆောက်မှုတွေမှာ မဟာဗျူဟာများ၊ ကြိုတင်လေ့လာဆန်းစစ်ချက်များ ချမှတ်ပြီး စနစ်တကျ ဆောင်ရွက်ဖို့ လိုအပ်လှပါတယ်။

စေ့စပ်ဆွေးနွေးရေးနှင့် တွန်းအား (Leverage)

စေ့စပ်ဆွေးနွေးမှု အောင်မြင်ရေးအတွက် အတွက် စေ့စပ်ဆွေးနွေးရေးကို ဦးတည်စေတဲ့ တွန်းအားဟာ အလွန်အရေးကြီးပါတယ်။ တွန်းအားတွေ အမျိုးမျိုးရှိတဲ့အနက် carrots and sticks ဆိုတဲ့ တွန်းအားကတော့ နာမည်ကြီး ရေပန်းစားပါတယ်။ carrots ဆိုတာက positive inducements တွေဖြစ်ပါတယ်။ အခြားတဘက်က တန်ဖိုးထားနိုင်မယ့် အရာတွေကို လေ့လာဖော်ထုတ်ပြီး၊ ဒီအရာတွေကို လိုချင်တပ်မက်စိတ်နဲ့ စေ့စပ်ဆွေးနွေးမှုလမ်းကြောင်းပေါ် တက်လာအောင် မျှားခေါ်တာ ဖြစ်ပါတယ်။ Kelman က ဖြစ်နိုင်ချေရှိတဲ့ carrots တွေကို စာရင်းပြုစုခဲ့တာမှာ စီးပွားရေးအခွင့်အလမ်း၊ နိုင်ငံတကာ တရားဝင်မှု၊ အပစ်အခတ်ရပ်စဲရေး၊ နှစ်ဘက်တင်းမာမှု လျှော့ချရေး စတာတွေပါဝင်ပါတယ်။

စေ့စပ်ဆွေးနွေးပွဲအတွက်ကမ်းလှမ်းရာမှာcarrotsတွေကိုထည့်သွင်းကမ်းလှမ်းနိုင်ဖို့ လိုပါတယ်။ ဥပမာ- အတိုက်အခံဘက်မှ အာဏာရှင်တွေကို ကမ်းလှမ်းတဲ့အခါ ပဋိပက္ခပြီးဆုံးချိန် တရားမျှတမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ အချက်က အဓိကကျပါတယ်။ များသောအားဖြင့် အာဏာရှင်တွေ ကြောက်ရွံ့တာကသူတို့ကျူးလွန်ခဲ့တဲ့ humanitarian crimes တွေအတွက် ခုံရုံးတင် စစ်ဆေးခံရခြင်းဖြစ်ပါတယ်။ အာဏာလက်လွှတ်လိုက်ရပြီးနောက်ပိုင်းမှ ၁ ခုံရုံးတင်ခံရမှာကို ကြောက်ရွံ့တဲ့ အာဏာရှင်တွေဟာကြောက်ကန်ကန်ပြီး အာဏာကို အတင်းအကျပ်ဆုပ်ကိုင်ထားလေ့ ရှိကြပါတယ်။ စေ့စပ်ဆွေးနွေးဖို့အတွက် အတိုက်အခံတွေက စတင်ကမ်းလှမ်းခဲ့ရင် အာဏာရှင်တွေကို ဒါနဲ့ပတ်သက်တဲ့ ဘယ်လိုအာမခံချက်တွေ ပေးနိုင်မလဲ။ အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုနဲ့ ပတ်သက်ပြီး positive inducements တွေ ပေးနိုင်ဖို့လိုပါတယ်။ ဒီလို မပေးနိုင်တဲ့အခါ (သို့မဟုတ်) ပေးနိုင်မယ့် လက်တွေ့နိုင်ငံရေး ဦးဆောင်အဖွဲ့ မရှိတဲ့ အခါကျရင်တော့ စေ့စပ်ဆွေးနွေးမှုကို ဦးတည်တာထက် အာဏာရှင်အစိုးရ ဖြုတ်ချနိုင်ရေးကိုသာအတိုက်အခံတွေအနေနဲ့ဦးတည်သင့်ပါတယ်။

Sticks ဆိုတာကတော့ negative inducements တွေပဲဖြစ်ပါတယ်။ inter-state conflicts တွေမှာတော့ နိုင်ငံရေးနှင့် သံတမန်ရေးရာ ပိတ်ဆို့မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှုနဲ့ စစ်အင်အားသုံးဖြေရှင်းမှု ဆိုပြီး သဏ္ဍာန်သုံးမျိုး ရှိပါတယ်။ intra-state conflicts တွေ

စာမျက်နှာ ၁၈ သို့

**စာမျက်နှာ ၁၇ မှ**

ဆိုရင်တော့ နိုင်ငံတကာ ဖိအားနဲ့ ပြည်သူလူထုရဲ့တောင်းဆိုမှုတွေဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေး အဖြေရှာမှုကို အတိုက်အခံတွေဘက်က ကမ်းလှမ်းတဲ့အခါအာဏာရှင်တွေအပေါ်မှာလုံလောက်တဲ့နိုင်ငံတကာ ဖိအား ပေးထားနိုင်သလား ဆိုတဲ့ အချက်နဲ့ ပြည်သူလူထုရဲ့ ဆန္ဒဟာ စေ့စပ်ဆွေးနွေးရေးလား၊ အာဏာရှင်အစိုးရကို ဖြုတ်ချနိုင်ရေးလား ဆိုတဲ့ အချက်တွေကို ကွဲပြားအောင် လေ့လာဖို့လိုပါတယ်။

ပြည်တွင်းရေးပဋိပက္ခတွေမှာ အင်အားကြီးနိုင်ငံတွေကdouble edge သံတမန်ရေးရာ မူဝါဒကို ကျင့်သုံးလေ့ရှိကြပါတယ်။ နိုင်ငံရဲ့ ပထဝီဝင်အနေအထားဟာ အင်အားကြီးနိုင်ငံများရဲ့စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအချက်အချာ နေရာတွေဖြစ်ရင်အခြေအနေက ပိုဆိုးပါတယ်။ လုံလောက်တဲ့ နိုင်ငံတကာ ဖိအားကို အာဏာရှင်တွေအပေါ်မှာမပေးနိုင်ပါဘူး။ အဲဒီလို အခြေအနေမျိုးမှာ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို ထပ်မံစဉ်းစားဖို့လိုပါတယ်။ ပြည်သူရဲ့ ဆန္ဒကစေ့စပ်ဆွေးနွေးရေးမဟုတ်ပဲ အတိုက်အခံတွေကနေအာဏာရှင်ကို အနိုင်တိုက်ရေးကို အလိုရှိနေချိန်မှာ အတိုက်အခံတွေက စေ့စပ်ဆွေးနွေးရေး ဦးတည်ချက်ကိုပဲ အကောင်အထည်ဖော်နေတဲ့အခါ အတိုက်အခံနိုင်ငံရေးအဖွဲ့တွေနဲ့ ပြည်သူတွေကြားမှာ အက်ကြောင်းတွေ ထလာတတ်ပါတယ်။ အတိုက်အခံတွေဘက်ကနေရပ်တည်ပေးလိုစိတ်တွေ ပြည်သူလူထုအကြားမှာ လျော့ကျလာတတ်ပါတယ်။ အဲဒီ အခြေအနေမျိုးတွေမဖြစ်အောင်သက်ဆိုင်ရာ နိုင်ငံရေးအဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတကာအခြေအနေ၊ ပြည်သူလူထုအခြေအနေ၊ အာဏာရှင်အခြေအနေစတဲ့အခြေအနေကြီး သုံးရပ်ကို မျက်ချေမပြတ်လေ့လာနေဖို့လိုအပ်လှပါတယ်။

နိုင်ငံရေးပညာရှင် Solomon က ဘယ်လိုအခြေအနေ၊ အချိန်အခါမျိုးမှာ ဘယ်လိုဆုပေးဒဏ်ပေးစနစ်တွေကို ဘယ်လိုအချိုးကျပေါင်းစပ်ပြီး၊ စေ့စပ်ဆွေးနွေးမှုကို ဘယ်လို အကောင်အထည်ဖော်မလဲဆိုတာကို သိနားလည်မှုဟာ နိုင်ငံရေးခေါင်းဆောင်တွေ၊ စေ့စပ်ဆွေးနွေးအဖြေရှာလိုသူတွေအတွက် လိုအပ်တဲ့ စွမ်းရည်တရပ်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

တွန်းအားနဲ့ပတ်သက်ပြီး နောက်ထပ်စဉ်းစားစရာအချက်တခုကတော့ ဘယ်သူ့ဆီမှာအကောင်းဆုံး best alternative to a negotiated agreement (BATNA) ရှိနေသလဲ ဆိုတာပါပဲ။ တခါတရံမှာ BATNA ကို “walk-away leverage” လို့လဲခေါ်ဝေါ်သုံးစွဲတတ်ကြပါတယ်။စေ့စပ်ဆွေးနွေးရေး မအောင်မြင်ခဲ့ရင် (သို့မဟုတ်) မဖြစ်မြောက်ခဲ့ရင် စေ့စပ်ဆွေးနွေးရေးမဟုတ်တဲ့ တခြားသင့်လျော်မယ့်နည်းလမ်းကို အသုံးပြုဖို့ ပြင်ဆင်ထားတဲ့ ဘက်က ပိုမို အားသာချက်ရှိပါတယ်။ တွန်းအားကို တိုင်းတာဖို့အတွက်ပညာရှင် Shell က ရိုးရှင်းတဲ့ နည်းလမ်းလေးတခုကို ဖော်ထုတ် ရေးသားခဲ့ပါတယ်။ သူ့နည်းလမ်းကတော့ စေ့စပ်ဆွေးနွေးမှု မဖြစ်မြောက်ခဲ့ရင် (သို့မဟုတ်) မအောင်မြင်ခဲ့ရင် ဘယ်သူ့ဘက်ကပိုပြီး ဆုံးရှုံးနိုင်မလဲဆိုတာ ပြန်လည်ဆန်းစစ်ချက်ပဲ ဖြစ်ပါတယ်။ ဆုံးရှုံးမှု ပိုများတဲ့ဘက်မှာ တွန်းအားနည်းပြီး၊ ဆုံးရှုံးမှု ပိုနည်းတဲ့ဘက်မှာ တွန်းအားများပါတယ်။ နှစ်ဘက်စလုံးက ဆုံးရှုံးမှုတူနေခဲ့ရင်တော့ စေ့စပ်ဆွေးနွေးပွဲတွေ ဖြစ်သွားလေ့ရှိပါတယ်။

ဒီလိုမဟုတ်ပဲ တဘက်ဘက်မှာ အားကောင်းတဲ့ best alternative to a negotiated agreement ရှိနေခဲ့ရင်တော့ အဲဒီဘက်က အနိုင်ရလေ့ရှိပါတယ်။ ပြည်တွင်းရေးပဋိပက္ခတွေမှ အာဏာ ရှင်တွေအတွက် စေ့စပ်ဆွေးနွေးရေးမဟုတ်တဲ့ BATNA ကတော့ political liberalization အတွေးအခေါ်ကိုအခြေခံတဲ့ အာဏာရှင်ရွေးကောက်ပွဲ (authoritarian election) များကျင်းပခြင်းနဲ့ အာဏာရှင်ရုပ်သေးအစိုးရတရပ် ပေါ်ပေါက်လာရေးဖြစ်ပြီး၊ အတိုက်အခံတွေအတွက် စေ့စပ်ဆွေးနွေးရေးမဟုတ်တဲ့ BATNA ကတော့ Initial Transition အတွေးအခေါ်ကို အခြေခံတဲ့ လူထုတိုက်ပွဲ၊ လက်နက်ကိုင်တိုက်ပွဲများမှတဆင့် ပြည်သူ့အစိုးရ (ဝါ) ကြားဖြတ်အစိုးရ တရပ်ပေါ်ပေါ်လာရေး ဖြစ်ပါတယ်။ အဲဒီ BATNA နှစ်ခုမှာ ဘယ်ဘက်မှာ ပြည်သူအများက ထောက်ခံ အားပေးသလဲဆိုတဲ့အချက်က အရှုံး၊ အနိုင်ကိုအဆုံးအဖြတ်ပေးပါလိမ့်မယ်။အာဏာရှင်ဘက်ကစေ့စပ်ဆွေးနွေးရေးကို ရှောင်ရှားနိုင်မယ့် BATNA ကို အကောင်အထည်ဖော်နေချိန် အထိ အတိုက်အခံတွေဘက်မှာ BATNA မရှိပဲ စေ့စပ်ဆွေးနွေးရေးကိုပဲ ဦးတည်ဖော်ဆောင်နေတယ်ဆိုရင်တော့ အနိုင်အရှုံးက မေးခွန်းထုတ်စရာတောင် မလိုအပ်တော့ပါဘူး။ အတိုက်အခံတွေဘက်က သေချာပေါက်ရှုံးမှာ ဖြစ်ပါတယ်။

ဒါနဲ့ ပတ်သက်ပြီး နိုင်ငံရေးပညာရှင် Fisher and Ury တို့က စေ့စပ်ဆွေးနွေးရေးပါဝါဆိုတာကို လူအများက ချမ်းသာကြွယ်ဝမှု၊ နိုင်ငံရေးအဆက်အနွယ်၊ စစ်ရေးအင်အား စတာတွေနဲ့ တိုင်းတာတတ်ကြပေမယ့် အမှန်တကယ်အရေးအကြီးဆုံး စေ့စပ်ဆွေးနွေးရေးပါဝါကတော့ စေ့စပ်ဆွေးနွေးမှု မဖြစ်မြောက်ခဲ့ရင် (သို့မဟုတ်) မအောင်မြင်ခဲ့ရင် ဘာဆက်လုပ်နိုင်မလဲဆိုတဲ့ BATNA ပဲ ဖြစ်ကြောင်းရေးသားဖော်ပြခဲ့ကြပါတယ်။ မိမိနဲ့ထိပ်တိုက် ပဋိပက္ခဖြစ်နေတဲ့ ဘက်တဘက်မှာ ဒီလို စေ့စပ်ဆွေးနွေးရေးပါဝါ မရှိခဲ့ရင် ဘယ်လို စေ့စပ်ဆွေး နွေးရေးကမ်းလှမ်းချက်၊ တောင်းဆိုချက်ကိုမှ ဂရုစိုက်စရာ မလိုအပ်ပဲ ကိုယ့်ရဲ့ BATNA အောင်မြင်အောင် လုပ်ရေးကိုသာ အာရုံစိုက်ရန် လိုကြောင်း ပညာရှင်အများက မှတ်ချက်ပေးထားခဲ့ကြပါတယ်။

ပြည်တွင်းရေးပဋိပက္ခတွေမှာပဲ ဖြစ်ဖြစ်၊ နိုင်ငံတကာပဋိပက္ခတွေမှာပဲဖြစ်ဖြစ်၊ ဘက်တဘက်ဟာ တခြားဘက်တဘက်ထက် ပိုပြီး စစ်ရေး၊ နိုင်ငံရေးအင်အားနည်းနေခဲ့ရင် (သို့မဟုတ်)စေ့စပ်ဆွေးနွေးရေးကလွဲလို့ တခြားဘာလမ်းစဉ်ကိုမှ ကျင့်သုံးစရာမရှိတော့ဘူးဆိုရင် (သို့မဟုတ်) အခြားဘက် တဘက်က မက်မောနိုင်ဖွယ်ရှိတဲ့ ဘယ်လို positiveinducementsကိုမှမပေးနိုင်တော့ဘူးဆိုရင်တော့normative leverage strategy ကို ကျင့်သုံးကြလေ့ရှိပါတယ်။ ဒီမဟာဗျူဟာကို ကျင့်သုံးမယ်ဆိုရင် တခြားဘက်ရဲ့ နိုင်ငံရေးသဘောထားတွေ၊ သမိုင်းကြောင်းတွေကို သိနားလည်ဖို့ လိုအပ်ပါတယ်။ တဘက်ကကျင့်သုံးတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ စံချိန်စံညွှန်းတွေကို နားလည်အောင်လေ့လာပြီး၊ ဒီလုပ်ထုံးလုပ်နည်းတွေအကြားမှာ ကိုယ့်ရဲ့ လိုအပ်ချက်တွေကို ဘယ်လိုအကောင်းဆုံးဖြစ်အောင် လုပ်ယူရမလဲဆိုတာကို အသာစီး မရတဲ့ဘက်က တွက်ချက်စဉ်းစားဖို့လိုအပ်ပါတယ်။ ဆုံးဖြတ်ချက်များကို အသာစီးရနေတဲ့ဘက်က ချမှတ်တာဖြစ်တဲ့အတွက် အသာစီးမရတဲ့ဘက်ကလေးစားမှုပြုပြီး၊ တဘက်ရဲ့ စာနာမှုကိုတောင်းခံဖို့လိုကြောင်း ပညာရှင် Shell က ဆိုထားခဲ့ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ဗိုလ်ချုပ်သန်းရွှေ ကာကွယ်ရေးဦးစီးချုပ်ရာထူးမှ အနားယူမည်ဟုဆို

**DVB ၊ ဖေဖော်ဝါရီ ၄ ။** ။ နိုင်ငံကို ၁၉ နှစ်ကျော် စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ရာထူးကနေ မကြာခင် အနားယူတော့မယ်လို့ တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ နီးစပ်တဲ့ တပ်မတော်အရာရှိဟောင်းတွေက ပြောပါတယ်။

၁၉၉၂ ခုနှစ်ကနေ စတင်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)နဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) စစ်အစိုးရတို့ရဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်အဖြစ် ၁၉ နှစ်ကြာ တိုင်းပြည်ကို စစ်အုပ်ချုပ် ရေးနဲ့ အုပ်ချုပ်ခဲ့တဲ့ ဗိုလ်ချုပ်သန်းရွှေ မကြာခင်သမ္မတအစိုးရဖွဲ့စည်းချိန်မှာ တပ်မတော်ရာထူးကနေ အနားယူပေးတော့မှာ ဖြစ်ပါတယ်။ သူနဲ့အတူ ဒုတိယကာကွယ်ရေးဦးစီးချုပ်အဖြစ်တာဝန်ယူထားတဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးလည်း အနားယူတော့မှာ ဖြစ်တယ်လို့တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ နီးစပ်သူ အငြိမ်းစားအရာရှိကြီးတဦးကပြောပါတယ်။

"ဦးသန်းရွှေနဲ့ဦးအေးနဲ့က နားမယ်လို့ ပြောကြတာပေါ့ဗျာ၊ ပြောကြတဲ့နေရာမှာလည်း တချို့ကျတော့လည်း သူ့မိန်းမဒေါ်ကြိုင်ကြိုင်က ဘာဘာညာညာပြောလို့တဲ့ဆိုတော့ သူတို့က တရုတ်ပြည်လို စစ်ကော်မရှင်ဥက္ကဋ္ဌဆိုပြီးတော့များ အဲဒီလိုများ နေမလားပေ့ါ၊ ကျနော်တို့လည်း အဲဒါတော့လည်း မပြောတတ်ဘူး၊ သူတို့လည်း အသက် ၈၀ တောင် ရှိနေပြီ၊ ၈၀ လောက်ရှိနေပြီပေ့ါဗျာ ဦးသန်းရွှေဆိုလို့ရှိရင်၊ ဦးအေးဆိုလို့ရှိရင်လည်း စစ်တက္ကသိုလ် အပတ်စဉ် (၁) ပဲဗျာ၊ မရှိဘူးဆိုရင် ၇၃–၇၄ လောက်ရှိနေပြီး ဦးအေး ဆိုလို့ရှိရင်လည်းလေ၊ အဲဒီတော့ သူတို့တတွေကတော့ နည်းနည်းပြောမယ်ဆိုရင်တော့ ကျနော်တို့ကလေးစကား ပြောရရင်တော့ အနိုင်နဲ့ပိုင်းပြီးတော့ သူတို့က ရှောင်ထွက်တော့မယ်ပုံစံမျိုး ကျနော်တို့က အဲဒီလိုပဲ မြင်တာပဲလေ။"

ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၅) အုပ်ချုပ်ရေး၊ အစိုးရအဖွဲ့ဖွဲ့စည်းခြင်း အခန်းအပိုဒ် ၂၀၁ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းခြင်းအခန်းမှာ ပြဋ္ဌာန်းထားတဲ့ အချက်တွေအရ အသစ်ဖြစ်လာတဲ့ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဦးဆောင်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဒုတိယသမ္မတနှစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတွေ၊ ဝန်ကြီးတွေနဲ့အတူ ကာကွယ်ရေးဦးစီးချုပ်တွေက တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေကြောင့်လည်း လက်ရှိကာကွယ်ရေဦးစီးချုပ်တွေ အနားယူတော့မှာဖြစ်နိုင်တယ်လို့လည်း အခြားနိုင်ငံရေးနဲ့ စစ်ရေးအကဲခတ်အချို့က ဆိုပါတယ်။ ဒီလိုအနားယူမယ့် ကာကွယ်ရေးဦးစီးချုပ်နဲ့ ဒုတိယကာကွယ်ရေးဦးစီးချုပ်နေရာတွေအတွက် လျာထားမှုတွေလည်း တပ်မတော်အတွင်း သတင်းတွေထွက်ပေါ်နေပြီး ဒီနေရာတွေကို ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နဲ့ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းတို့ ဖြစ်လာနိုင်ခြေရှိသလို ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နဲ့ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့လည်း ဖြစ်လာနိုင်ခြေရှိနေတယ်လို့ တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ နီးစပ်သူတွေက ဆိုပါတယ်။ အဲ့ဒီလို ခန့်မှန်းကြတဲ့ထဲက တပ်မတော်အငြိမ်းစားအရာရှိကြီးကပဲ အခုလို ပြောပါတယ်။

"အဲဒီ ဗိုလ်ချုပ်ကြီး သူရမြင့်အောင်နဲ့ ဗိုလ်ချုပ်ကြီးကိုကိုက တပ်ချုပ်နဲ့ ဒုတပ်ချုပ်ဖြစ်မယ်ဆိုတာ ကျနော်တို့ နဂိုတုန်းကတော့ သူတို့ ပထမကတည်းက စာရင်းပေးပြီးသား၊ ပေးပြီးတော့ သူတို့ ၂ ယောက်ကို ရာထူးကို ဘာမှမလုပ်ဘဲနဲ့နေရာကို ချန်ထားပြီးတော့ သူတို့ကိုမပေးဘဲနဲ့ ကျန်တဲ့လူတွေကိုပေးလိုက်တယ်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်တို့ ဘာတို့ကိုပေးလိုက်တာ၊ သူတို့ကိုနေရာပေးပြီးသားတွေ၊ ဗိုလ်ချုပ်မင်းအောင်လှိုင်က ပေးပြီးသား၊ သူက အခု ဗိုလ်ချုပ်ရွှေမန်းနေရာကို မင်းအောင်လှိုင်ကို ပေးလိုက်ပြီး၊ ထည့်ပေး ပြီးပြီပေ့ါဗျာ အဲဒီမှာ သူတို့က ကျန်နေတာပေ့ါဗျာ၊ ကျန်တော့ ရာထူးကလည်း ဒုဗိုလ်ချုပ်ကြီး ပေးထားတယ်ဆိုတော့ အဲဒီအထဲမှာ သူရမြင့်အောင်က စစ်တက္ကသိုလ်အပတ် စဉ် (၁၈) က ဖြစ်ဖို့များတယ်လို့တော့ ကျနော့်ကို အဲဒီလိုပဲ ပြောတယ်။"

အခုအနားယူတော့မယ့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ဟာ သမိုင်းဝင် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးလှုပ်ရှားမှုကို တပ်မတော်က အကြမ်းဖက်ဖြိုခွဲပြီး အာဏာသိမ်းစဉ်မှာ ကာကွယ်ရေးဦးစီးချုပ်အဖြစ်တာဝန်ယူခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီးစောမောင်နဲ့အတူ ပါဝင်ခဲ့ကြသူတွေဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်မှာတော့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်ကို ဖယ်ရှားပြီး ကာကွယ်ရေးဦးစီးချုပ်နဲ့ ဒုတိယကာကွယ်ရေးဦးစီးချုပ်တွေဖြစ်လာကြတာဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်မှာတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ နဝတကို ဖျက်သိမ်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နအဖအဖြစ်ပြောင်းလဲပြီး အခုအချိန်အထိ အုပ်ချုပ်နေတာဖြစ်ပါတယ်။

---

# စီအာပီပီ ၂၁ ရာစုပင်လုံကိစ္စဆွေးနွေး

**DVB ၊ ဖေဖော်ဝါရီ ၄ ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာပီပီ) ရဲ့ လပတ်အစည်း အဝေးတခုကို ဒီကနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ရုံးချုပ်မှာ ကျင်းပခဲ့ပါတယ်။

အစည်းအဝေးကို ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဦးတင်ဦး၊ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွန့်ဝေ၊ ဦးပုကျင့်ရှင်းထန်၊ ဦးထောင်ကိုထန်း၊ ဦးစိုးဝင်း၊ ဦးနိုင်ထွန်းသိန်းနဲ့ ဦးသိန်းဖေတို့တက်ရောက်ခဲ့ပြီး ၂၁ ပင်လုံညီလာခံအကြောင်း အဓိကဆွေးနွေးခဲ့ကြတယ်လို့ စီအာပီပီအတွင်းရေးမှူးဦးအေးသာအောင်က ပြောပါတယ်။ ဒုတိယပင်လုံညီလာခံနဲ့ပတ်သက်လို့ ဆွေးနွေးတဲ့ အကြောင်းအရာကို ဦးအေးသာအောင်က အခုလိုပြောပါတယ်။

"ဆွေးနွေးတဲ့နေရာမှာ ဒုတိယပင်လုံညီလာခံအရေးကြီးတယ်၊ ဖြစ်မြောက်အောင်ဆောင်ရွက်ဖို့လိုတယ်။ ဘာကြောင့်လဲဆိုရင် ၁၉၄၇ ခုနှစ်မှာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရပြည်ထောင်စုမြန်မာနိုင်ငံရယ်လို့ပေါ်ပေါက်လာခဲ့တယ်။ ဒါဟာလည်းပဲ ပင်လုံသဘောတူညီချက်ပင်လုံစာချုပ်ကြောင့်ပေါ်ပေါက်လာတာဖြစ်တယ်၊ ဒါပေမယ့် ဒီသဘောတူညီချက်တွေကို အခုထက်ထိ အကောင်အထည် မဖော်နိုင်သေးဘူး။ အဲဒီလိုအကောင်အထည် မဖော်နိုင်သေးတဲ့အတွက် မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ လူများစုဖြစ်တဲ့ ဗမာတွေနဲ့နိုင်ငံရေး၊စစ်ရေးပဋိပက္ခတွေဟာအခုထက်ထိမပြီးဆုံးနိုင်သေးဘူး။ဒီတော့ ဒီနိုင်ငံရေး၊ စစ်ရေးပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ဆိုရင် တိုင်းရင်းသားပေါင်းစုံဆွေးနွေးညှိနှိုင်းပြီးတော့ သဘောတူညီချက်တခု ပြန်လည်တည်ဆောက်ဖို့လိုမယ်။ အထူးသဖြင့်တော့ ပင်လုံသဘောတူညီချက်ကို အခြေခံပြီးတော့ဆွေးနွေးညှိနှိုင်းပြီးတော့ ၂၀၁၁ မှာ သဘောတူညီချက်တခုကို ချမှတ်နိုင်ဖို့အရေးကြီးတယ်၊ ဒါကြောင့်မို့လို့ ပင်လုံညီလာခံဟာ အရေးပါတယ်။ အရေးကြီးတယ်။ ဒီညီလာခံကိုဖြစ်မြောက်အောင် ဆောင်ရွက်ဖို့ဆိုရင် ၂၈ ရက်နေ့က ဆွေးနွေးပွဲတွေကိုလုပ်သလို နောက်ထပ်ဆွေးနွေးပွဲတွေကိုလည်း လုပ်သွားမယ်။ ဒ့ါအပြင် တိုင်းရင်းသားများအနေနဲ့ပဲဖြစ်ဖြစ် ပညာရှင်များအနေနဲ ပဲဖြစ်ဖြစ် စီမီနာတွေကို ကျင်းပပြီးတော့ စာတမ်းဖတ်ပွဲတွေကိုလည်း ဆက်လက်လုပ်သွားမယ်။"

ဟုတ်ကဲ့ ဒီလိုမျိုးပင်လုံညီလာခံကိုဆက်ပြီးတော့ တွေ့ဆုံဆွေးနွေးရေးပေါ်ပေါက်လာအောင်လုပ်သွားမယ်ဆိုတော့ ဒီလုပ်သွားမယ့် အစီအစဉ်လေး ပြောပြပေးလို့ရမလား။

"အစီအစဉ်ကတော့ ပထမအနေနဲ့ပင်လုံနဲ့ပတ်သက်တဲ့ ဟောပြောပွဲတွေ၊ ပြည်ထောင်စုနဲ့ပတ်သက်တဲ့ ဟောပြောပွဲတွေကို ဆက်လက်ပြီးတော့ ကျင်းပသွားမယ်။ နောက်တခါ တိုင်းရင်းသားခေါင်းဆောင်တွေ ပညာရှင်တွေကနေ စာတမ်းဖတ်ပွဲတွေကိုလည်းပဲ ပြည်တွင်းမှာသာမကဘူး၊ ပြည်ပမှာပါလုပ် နိုင်အောင်ဆက်လက် ကျင်းပသွားဖို့ ရှိပါတယ်။"

# စီးပွားရေးပိတ်ဆို့မှု လျှော့ချိန်မကျသေးကြောင်း အမေရိကန်ပြောကြား

**RFA ၊ ဖေဖော်ဝါရီ ၃ ။** ။ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူထားတာကို လျှော့ချဖို့ အချိန်စောနေသေးပြီး မြန်မာအစိုးရ သစ်အနေနဲ့ ပိုပြီးခိုင်မာတဲ့ ပြုပြင်ပြောင်းလဲရေး ခြေလှမ်းတွေကိုလုပ်ဆောင်ဖို့လိုကြောင်း အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကတ်ကင်းဘဲလ်က ဖေဖော်ဝါရီ ၂ ရက်မနေ့က ပြောကြားလိုက်ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဌာန ၂၀၁၁ အတွက် နိုင်ငံခြားရေး ရည်မှန်းချက်များနဲ့ ဦးတည်ချက်များဆိုင်ရာ အစည်းအဝေးအတွင်း သတင်းထောက်တွေနဲ့တွေ့ဆုံရာမှာ အခုလို ပြောလိုက်တာပါ။

အရှေ့တောင်အာရှနိုင်ငံ အတော်များများက အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေ ရုပ်သိမ်းဖို့ တောင်းဆိုလာတာတွေ့ရကြောင်း၊ ဒါပေမဲ့ ဒီလို ဆောင်ရွက်ဖို့ဟာစောသေး ကြောင်း Mr. Campbell က ပြောပါတယ်။ မြန်မာနိုင်ငံမှာ အစိုးရသစ်ဖက်က ပိုတိကျခိုင်မာတဲ့ ခြေလှမ်းတွေ လှမ်းလာမလားဆိုတာ စောင့်ကြည့်နေပါတယ်။ အရေးကြီးကိစ္စရပ် အတော်များများမှာ ဘယ်လိုမူဝါဒချမှတ်မလဲဆိုတာကြည့်ရမှာပါလို့ Mr. Campbell က ပြောသွားပါတယ်။

မြန်မာစစ်အစိုးရ ကျင်းပပေးတဲ့ ရွေးကောက်ပွဲဟာ စိတ်ပျက်စရာအားနည်းချက်တွေရှိခဲ့ကြောင်း၊ ဒါပေမဲ့ မြန်မာနိုင်ငံအပေါ်ထိတွေ့ဆက်ဆံရေး မူဝါဒကိုတော့ ဆက်ပြီး ကိုင်စွဲသွားမှာဖြစ်တယ်လို့လည်း ပြောကြားပါတယ်။ ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေး ရပ်တည်ချက်တွေအပေါ် အမေရိကန်အစိုးရက ထောက်ခံတယ်လို့လည်း ပြောပါတယ်။

ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် အမေရိကန်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ပြောကြားထားတဲ့ ရပ်တည်ချက် မူဝါဒအများစုကို ထောက်ခံပါတယ်။ ကိစ္စရပ်အတော်များများမှာ မြန်မာအစိုးရခေါင်းဆောင်တွေဖက်က လက်တွေ့လုပ်ကိုင်ပြဖို့ ဒေါ်အောင်ဆန်းစုကြည်ဖက်က အခွင့်အလမ်းတွေ ပေးထားတာကိုလည်း ထောက်ခံပါတယ်လို့ ပြောသွားတာဖြစ်ပါတယ်။

Mr. Campbell ဟာ သမတ အိုဘားမားရဲ့ သဘောထားမတူတဲ့ အစိုးရတွေကို တိုက်ရိုက်ဆက်ဆံရေးမူအရ မြန်မာစစ်အစိုးရနဲ့ထိတွေ့ဆက်ဆံရေးမူဝါဒကို ကိုယ်တိုင် သွားရောက် ဆောင်ရွက်ခဲ့တဲ့ အမေရိကန် အဆင့်မြင့်အရာရှိဖြစ်ပါတယ်။


Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER